၁၁ဝ၁။ ကေနစိဝိညေယျဒုကနိဒ္ဒေသေ၊ ၌။ စက္ခုဝိညေယျာတိ၊ကား။ စက္ခုဝိညာဏေန၊ ဖြင့်။ ဝိဇာနိတဗ္ဗာ၊ သိအပ်ကုန်သော။သေသပဒေသုပိ၊ တို့၌လည်း။ဧသေဝ နယော၊ ကိုသာလျှင်။ ဝေဒိတဗ္ဗော၊သိအပ်၏။ စ၊ ဆက်။ ဧတ္ထ၊ ဤ ကေနစိဝိညေယျ ဒုကနိဒ္ဒေသ၌။ကေနစိဝိညေယျာတိ၊ ကား။စက္ခုဝိညာဏာဒီသု၊ စသည်တို့တွင်။ ကေနစိ၊ တစုံတခုသော။ ဧကေန၊ တပါးသော။ စက္ခုဝိညာဏေနဝါ၊သည်ရင်း။ သောတဝိညာဏေနဝါ၊ သည်ရင်း။ ဝိဇာနိတဗ္ဗာ၊ သိအပ်ကုန်သော။ ကေနစိ န ဝိညေယျာတိ၊ ကား။ တတောဧဝ၊ ထိုမှ အမှတ်မရှိ တခုခုသာလျှင် ဖြစ်သော။စက္ခုဝိညာဏေနဝါ၊သည်ရင်း။ သောတဝိညာဏေနဝါ၊ သည်ရင်း။ န ဝိဇာနိတဗ္ဗာ၊ မသိအပ်ကုန်သော၊ဧဝံ အတ္ထေ၊ ဤသို့သော အနက်သည်။ သန္တေ၊ ဖြစ်လတ်သော်။ ဒွိန္နမ္ပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ပဒါနံ၊ တို့၏။ အတ္ထ နာနတ္တတော၊အနက်ထူးသည်၏ အဖြစ်ကြောင့်။ ဒုကော၊ သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဟေဋ္ဌာ၊ အောက်ဖြစ်သော မာတိကာ အဖွင့်၌။ ဝုတ္တတ္တာ၊ ဆိုအပ်ပြီးသည်၏ အဖြစ်ကြောင့်။ယေတေ ဓမ္မာ စက္ခုဝိညေယျာ နတေ ဓမ္မာ သောတဝိညေယျာတိ။ ဟူသော။ အယံဒုကော၊ သည်။ န ဟောတိ၊ မဖြစ်။ ပန၊ အလျှော်ကိုဆိုအံ့။ ရူပံ၊ ရူပါရုံသည်။စက္ခုဝိညေယံ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်၏။သဒ္ဒေါ၊သည်။ န စက္ခုဝိညေယျော၊စက္ခုဝိညာဉ်ဖြင့် မသိအပ်။ ဣတိ၊သို့။ ဣဒံ အတ္ထံ၊ကို။ ဂဟေတွာ၊၍။ယေတေဓမ္မာ စက္ခုဝိညေယျာ၊နတေဓမ္မာ သောတဝိညေယျာ။ ယေဝါ ပန တေဓမ္မာ သောတဝိညေယျာ၊ န တေဓမ္မာ စက္ခုဝိညေယျာတိ၊ ဟူသော။ အယံ၊ ဤသို့ သဘာဝရှိသော။ ဧကော၊ သော။ ဒုကော၊သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗော၊၏။ ဧဝံ၊သို့။ ဧကေက ဣန္ဒြိယမူလကော၊ တပါးတပါးသော ဣန္ဒြေလျှင် မူလရှိကုန်သော။ စတ္တာရော စတ္တာရော၊ လေးပါး လေးပါးသော ဒုက်တို့ကို။ ကတွာ၊ ၍။ဝီသတိ ဒုကာ၊ တို့ကို။ ဝိဘတ္တာ၊ ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။

http://www.dhammadownload.com



ကေနစိ၊ သော။ မနောဝိညာဏေန၊ မနောဝိညာဉ်သည်။ ဝိညေယျာ၊ သိအပ်ကုန်သော။ ကေနစိ၊သော။ မနောဝိညာဏေန၊သည်။ နဝိညေယျာ၊ မသိအပ်ကုန်သော။ ဣတိ အတ္ထော၊ ဤသို့သော အနက်သည်။ နတ္ထိကိံပန၊ မရှိသလော။ တေန၊ ထိုမနောဝိညာဉ်ဖြင့်။ တ္တော၊ ဤ ကေနစိဝိညေယျဒုကနိဒ္ဒေသ၌။ ဒုကာ၊ တို့ကို။ နဝုတ္တာကိံ၊ မဟောအပ်သင့်ကုန်သလော။ ဣတိ အယံ၊ကား။ ပုစ္ဆာ၊ တည်း။

မူလဋီကာ။ ။ကိံပန နတ္ထိ၊ ကိန္တေန နဝုတ္တာတိ ယောဇနာ ကာတဗ္ဗာ။ ။ ၁၆၉-ဆ။

ယောဇနာဋီကား။ ။ပနော။ပ။ နဝိညေယျာ တိ အတ္ထော နတ္ထိ။ တေန တသ္မာ အသာဝတော တ္တော မနောဝိညာဏေ ဒုကာ သဂဝတာ ကိံပန နဝုတ္တာ ဣတိ ပုစ္ဆာတိ ယောဇနာ(၂၀၂-သု) ဟုလာ၏။ ဋီကာနှင့် ညီအံ့မထင်၊ ဆင်ခြင်။

ဣတိအတ္တော၊ ဤသို့သော အနက်သည်။ နော နတ္ထိ၊ မရှိသည်ကား။ န၊ မဟုတ်။ အတ္ထိဝေ၊ တည်း။ ပန၊ ယင်းသို့ပင်ရှိသော်လည်း။ ဝဝတ္ထာနာ ဘာဝတော၊ ဤတရားကိုသာလျှင် မနောဝိညာဉ်ဖြင့် သိအပ်၏ဟု မှတ်သားပိုင်းခြားခြင်း မရှိသည်၏ အဖြစ်ကြောင့်။ တေန မနောဝိညာဏေန၊ ဖြင့်။ ဒုကာ၊ တို့ကို။ ဘဂဝတာ၊ သည်။ နဝုတ္တာ၊ ကုန်။

ပါဠိ၂၁နုဃဋီ။ ။ဝုတ္တမတ္ထံသာဓေန္တော''နဟိ''တိ အာဒိမာဟ'။

ဟိ-သစ္စံ၊ မှန်၏။ စက္ခုဝိညာဏေန၊ဖြင့်။ အဝိညေယျာဝေ၊ မသိအပ်ကုန်သည်သာကည်း။ ဣတိ၊သို့။ ဝဝတ္ထာနံ၊ မှတ်သားပိုင်းခြားခြင်းသည်။ အတ္ထိ ယထာ၊ ၏သို့၊ ဧဝံ၊ တူ။ မနောဝိညာဏေနပိ၊ ဖြင့်လည်း။ အဝိညေယျာဝေ၊ မသိအပ်ကုန်သည်သာတည်း။ ဣတိ၊ သို့။ ဝဝတ္ထာနဘာဝတော၊ မှတ်သားပိုင်းခြားခြင်း၏ မရှိခြင်းကြောင့်။ တ္တော၊ ဤကေနစိ ဝိညေယျဒုကနိဒ္ဒေသ၌။ ဒုကာ၊ တို့ကို။ ဘဂဝကာ၊ သည်။ နဝုတ္တာ၊ ကုန်။ ပန၊ အလျော်ကို ဆိုအံ့။ ကေနစိ၊သော။ မနောဝိညာဏေန၊ဖြင့်။ ဝိညေယျာစေဝ၊ သိအပ်သော တရားတို့သည်ရင်း။ ကေနစိ၊သော။ မနောဝိညာဏေန၊ ဖြင့်။ အဝိညေယျာစ၊ မသိအပ်သောတရားတို့သည်ရင်း။ အတ္ထိ၊ ရှိကုန်၏။ ဣတိအယံ အတ္ထော၊ကို။

၄။ ။ယောဇနာ ၂၀၂-သု။

http://www.dhammadownload.com



အတ္ထိလဗ္ဘတိ၊ ရအပ်၏။ တသ္မာ၊ ထိုသို့ရသင့်သည်၏ အဖြစ်ကြောင့်။ သောအတ္တော၊ သည်။ အဝုတ္တောပိ၊ မဟောအပ်သော်လည်း။ ယထာလာဘ ဝသေန၊ အကြင်အကြင်ရသင့်သည်၏အစွမ်းဖြင့်။ ဝေဒိတဗ္ဗော၊၏။

ပါဠိ၂၁နုသန္ဓိ။ ။ယထာလာဘံ ဉပေန္တော''မနောတိ အာဒိမာဟ''။

ဟိ တံ ပါကဋ္ဌံကရောမိ၊ အံ့။မနောဝိညာဏန္တိ၊ ဟူ၍။ သဉ့်ါခေါ်ဝေါ်ခြင်း သို့။ ဂတေဟိ၊ ရောက်ကုန်သော။ ကာမာဝစရဓမ္မေဟိ၊တို့ဖြင့်။ (သာမည)။ တာဝ၊ စွာ။ ကာမာဝစရ ဓမ္မာဝေါ၊ ကာမာဝစရ တရားတို့ကိုသာလျှင်။ ကေဟိစိ၊ အချို့သော ကာမာဝစရ တရားတို့ဖြင့်။ (ဝိသေသ)။ဝိညေယျာ၊ သိအပ်ကုန်၏။ ကေဟိစိ၊အချို့သောကာမာဝစရတရားတို့ဖြင့်။အဝိညေယျာ၊ မသိအပ်ကုန်။ တေဟိယေဓ၊ ထိုကာမာဝစရ တရားတို့ဖြင့်သာလျှင်။ ရူပါ ဝစရာဒိဓမ္မာပိ၊ တို့ကိုလည်း။ ကေဟိစိ၊ အချို့သောကာမာဝစရတရားတို့ဖြင့်။ ဝိညေယျာ၊ သိအပ်ကုန်၏။ ကေဟိစိ၊ အချို့သော ကာမဝစရ တရားတို့ဖြင့်။ အဝိညေယျာ၊ မသိအပ်ကုန်။ ရူပါဝစရေဟိပိ၊ တို့ဖြင့်လည်း။ (သာမည)။ ကာမာဝစရာ၊တို့ကို။ကေဟိစိ၊အချို့သောရူပါဝစရတရားတို့ဖြင့်။(ဝိသေသ)။ ဝိညေယျာ၊ ကုန်၏။ ကေဟိစိ၊ အချို့သောရူပါဝစရတရားတို့ဖြင့်။ အဝိညေ ယျာ၊ကုန်။တေဟေဝ၊ထိုရူပါဝစရဘရားတို့ဖြင့်သာလျှင်။ရူပါဝစရာဒယောပိ၊ တို့ကိုလည်း။ ကေဟိစိ၊ အချို့သောရူပါဝစရ တရားတို့ဖြင့်။ ဝိညေယျာ၊ ကုန်၏။ ကေဟိစိ၊ အချို့သော ရူပါဝစရတရားတို့ဖြင့်။ အဝိညေယျာ၊ ကုန်။ ပန၊အထူး။ အရူပါဝစရေဟိ၊တို့ဖြင့်။ ကာမာဝစရာ၊ တို့ကိုဂုဏ်း။ ရူပါဝစရာ၊ တို့ကိုဂုဏ်း။ အပရိယာပန္နာစ၊ တို့ကိုဂုဏ်း။ နေဝဝိညေယျာ၊ မသိအပ်ကုန်သည် သာတည်း။ ပန၊တပါး။အရူပါဝစရာ၊ တို့ကို။ကေဟိစိ၊ အချို့သော အရူပါ ဝစရတရားတို့ဖြင့်။ အဝိညေယျာ၊မသိအပ်ကုန်။တေပိ၊ထိုအရူပါဝစရတရားတို့ ကိုလည်း။(သာမည)။ ကေစိဒေဝ၊ အချို့သော အရူပါဝစရတရားတို့ကိုသာ လျှင်။ (ဝိသေသ)။အရူပါဝစရေဟိ၊ တို့ဖြင့်။(ထည့်)။ ဝိညေယျာ၊ ကုန်၏။ ကေစိ၊အချို့သော အရူပါဝစရတရားတို့ကို။ အဝိညေယျာ၊ ကုန်။ အပရိယာ

ဝ။ ယောဇနာ ၂၀၂-သု။

http://www.dhammadownload.com



ပန္နေဟိ၊ တို့ဖြင့်။ ကာမာဝစရာဒယော၊တို့ကို။ နေဝဝိဥ္စေယျာ၊ မသိအပ်ကုန်သည်သာတည်း။ မန၊ တပါး။ အပရိယာပန္နာ၊တို့ကို။ နိဗ္ဗာနေန၊နိဗ္ဗာန်ဖြင့်။ အဝိဥ္စေယျတ္တာ၊ မသိအပ်သည်၏ အဖြစ်ကြောင့်။ ကေဟိစိ၊ အချို့သော အပရိယာပန္နတို့ဖြင့်။ ဝိဥ္စေယျာ၊ ကုန်၏။ ကေဟိစိ၊ အချို့သော အပရိယာပန္နတရားတို့ဖြင့်။ အဝိဥ္စေယျာ၊ ကုန်။ တေပိ၊ ထိုအပရိယာ ပန္နတရားတို့ကိုလည်း။ မဂ္ဂဖလာနံ၊တို့၏။ အဝိဥ္စေယျတ္တာ၊မသိအပ်သည်၏ အဖြစ်ကြောင့်။ ကေစိဒေဝ၊ အချို့သော အပရိယာပန္န တရားတို့ကိုသာလျှင်။ အပရိယာပန္နေဟိ၊ တို့ဖြင့်။(ထည့်)။ ဝိဥ္စေယျာ၊ကုန်၏။ ကေစိ၊အချို့သော အပရိယာပန္နတရားတို့ကို။ အဝိဥ္စေယျာ၊ကုန်။ ဣတိ၊ဤသို့။ ယထာလာဘဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗာ၊ ၏။

မူလဋီကာ၌ကား....အနုဝတ္တမာနတ္တာ၊ နိဗ္ဗာနေန အဝိဥ္စေယျတ္တာတိ ကေဟိစိ အဝိဥ္စေယျာတိ ဣမဿ ပဒဿ အတ္ထသမ္ဗဝမတ္တံ သန္ဓာယ ဝုတ္တံ။ န နိဗ္ဗာနဿ အနုဝတ္တမာန မနောဝိညာဏဘာဝတော(၁၇၀-ဆ)ဟုလာ၏။

ဋီကာအလို။ ။နိဗ္ဗာနေန ဝိဥ္စေယျာ အဝိဥ္စေယျာ, ဟူလိုရိပ်ရှိ၏။ အပရိယာပန္နေဟိ, ဟူလိုမည်မထင် ဆင်ခြင်။

၁၁၀၂။ အာသဝနိဒ္ဒေသော၌။ ပဉ္စကာမဂုဏိကော၊ငါးပါးသောကာမဂုဏ်၌ဖြစ်သော။ ရာဂေါ၊သည်။ ကာမာသဝေါနာမ၊ မည်၏။ ရူပါရူပဘဝေသု၊ ရူပဘဝ အရူပဘဝတို့၌။ ဆန္ဒရာဂေါ၊ ဆန္ဒရာဂသည်၎င်း။ ဈာနနိကန္တိ၊ ဈာနနိကန္တိသည်၎င်း။ သဿတဒိဋ္ဌိ သဟဇာတော၊ သဿတဒိဋ္ဌိနှင့် တကွဖြစ်သော။ရာဂေါ၊သည်၎င်း။ဘဝဝသေန၊ဖြင့်။ပတ္ထနာ၊တောင့်တခြင်းကြောင့်။ ဘဝါသဝေါနာမ၊ မည်၏။ ဒွါသဋ္ဌိဒိဋ္ဌိယော၊ ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိတို့သည်။ ဒိဋ္ဌာသဝေါနာမ၊ မည်၏။ အဋ္ဌသုဌာနေသု၊ ရှစ်ပါးသောအရာတို့၌။ အညာဏံ၊ မသိသောမောဟသည်။ အဝိဇ္ဇာသဝေါနာမ၊ မည်၏။

စတူသုသစ္စေသု,ပုဗ္ဗန္တေ,အပရန္တေ,ပုဗ္ဗန္တာပရန္တေ,ပစ္စယာကာရေ။အဋ္ဌဌာနယူ။

ပန၊တပါး။တတ္ထတတ္ထ၊ထိုထိုပါဠိ၌။အာဂတေသုလာကုန်သော။အာသဝေသု၊တို့၌။အသမ္ဗောဟတ္တံ၊မတွေ့ဝေစေခြင်းအကျိုးငှာ။ကေဝိမာဒိဘေဒေါ၊ ဧကဝိဓ စသောအပြားကို။ ဝေဒိတဗ္ဗော၊၏။ ဟိ၊ ချဲ့အံ့။ အတ္ထတော၊ သဘာဝတ္ထအားဖြင့်။ ဧတေ၊ ထို အာသဝေါတရားတို့သည်။ စိရပါရိဝါသိယဋ္ဌေန

http://www.dhammadownload.com



မြင့်ရှည်စွာသောကာလပတ်လုံး ထုံအပ်သော သဘောအားဖြင့်။ အာသဝါ၊ မည်ကုန်၏။ ဣတိဓိဝ၊ သို့။ စေဝိခ၊ တပါးအဘို ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန၊တပါး။ ဝိနယေ၌။ "ဒိဋ္ဌဓမ္မိကာနံ၊ ကုန်သော။ အာသဝါနံ၊ တို့ကို။ ဝါ၊ဘေးရန်တို့ကို။ သံဝရာယ၊ပိတ်ပင်ခြင်းငှာ။ သမ္ပရာယိကာနံ၊သမ္ပရာယိက ဖြစ်ကုန်သော။ အာသဝါနံ၊ တို့ကို။ ဝါ၊ ဘေးရန်တို့ကို။ ပဋိဃာတာယ၊ ပယ်ဖျောက်ခြင်းငှာ"။ ဣတိ၊ ဤသို့။ ဒုဝိဓေန၊ ဖြင့်။ အာဂတာ၊ လာကုန်၏။ သုတ္တန္တေ၌။ သဠာယတနေ၊သဠာယတနသံယုတ်၌။ တာဝ၊စွာ။ "တယော မေ အာဝုသော။ပ။ အဝိဇ္ဇာသဝေါ"တိ၊ ၍။ တိဝိဓေန၊ ဖြင့်။ အာဂတာ၊ လာကုန်၏။ နိဗ္ဗေဓိကပရိယာယေ၊ နိဗ္ဗေဓိကသုတ္တန် ဒေသနာ တော်၌။ "အတ္ထိ ဘိက္ခဝေ။ပ။ ဂါမနိယာ"တိ၊ ဟူ၍။ ပဉ္စဝိဓေန၊ ဖြင့်။ အာဂတာ၊ လာကုန်၏။

ဝစနတ္ထ။ ။နိရယံ ဂစ္ဆန္တိ သတ္တာ ဒတေဟီတိ နိရယဂါမနိယာ စသည်ပြု။ ငရဲသို့ လားကြောင်းဖြစ်ကုန်သော စသည် ယောဇနာလေ။

ဆက္ကနိပါတေ၊ အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ်၌။ အာဟုနေယျ သုတ္တော၌။ ဘိက္ခဝေါတို့။ သံဝရာ-သံဝရာယ၊ စောင့်ရှောက်ခြင်းဖြင့်။ ပဟာတဗ္ဗာ၊ ပယ် အပ်ကုန်သော။ အာသဝါ၊ တို့သည်။ အတ္ထိ၊ ကုန်၏။ ပဋိသေဝနာ ပဋိသေဝနာယ၊ မှီဝဲခြင်းဖြင့်။ ပဟာတဗ္ဗာ၊ အပ်သော။အာသဝါ၊ တို့သည်။ အတ္ထိ၊ ရှိကုန်၏။ အဓိဝါသနာ-အဓိဝါသနာယ၊သည်းခံခြင်းဖြင့်။ ပဟာတဗ္ဗာ၊ကုန် သော။ အာသဝါ၊တို့သည်။အတ္ထိ၊ ရှိကုန်၏။ ပရိဝဇ္ဇနာ-ပရိဝဇ္ဇနာယ၊ ကြဉ် ရှောင်ခြင်းဖြင့်။ ပဟာတဗ္ဗာ၊ကုန်သော။အာသဝါ၊တို့သည်။ အတ္ထိ၊ရှိကုန်၏။ ဝိနောဒနာ-ဝိနောဒနာယ၊ ဖျောက်ခြင်းဖြင့်။ ပဟာတဗ္ဗာ၊ ကုန်သော။ အာသဝါ၊တို့သည်။အတ္ထိ၊ရှိကုန်၏။ ဘာဝနာ-ဘာဝနာယ ပွားစေခြင်းဖြင့်။ ပဟာတဗ္ဗာ၊ကုန်သော။အာသဝါ၊တို့သည်။အတ္ထိ ကုန်၏"။ဣတိ၊ဤသို့။ဆဗ္ဗိ ဓေန၊ဖြင့်။ အာဂတာ၊ လာကုန်၏။ သဗ္ဗာသဝ ပရိယာယေ၊မူလပဏ္ဏာသ သဗ္ဗာသဝသုတ်[၁]၌။ ဒဿန ပဟာတဗ္ဗေဟိ၊ သောတာပတ္တိမဂ်သည် ပယ်အပ် သော တရားတို့နှင့်။သဒ္ဓိံ၊ကွ။ သတ္တဝိဓေန၊ဖြင့်။ အာဂတာ၊ကုန်၏။ဣဓပန၊

[၁]။ မ ၁-၉-ဆမ္မ။

http://www.dhammadownload.com



ဤအဘိဓမ္မာ၌ကား။ ဓေတေအာသဝါ၊ တို့သည်။ ကာမသဝါဒိ ဘေဒတော၊ အားဖြင့်။ စတုဗ္ဗိဓေနေ၊ ဖြင့်။ အာဂတာ၊ ကုန်၏။ တတြ ကာမာသဝါဒီသု၊ စသည်တို့၌။အယံ၊ကား။ဝေနုတ္တော၊တည်း။ပဉ္စကာမဂုဏ ေ သင်္ခါတော၊သော။ ကာမေ၊၌။ ပဝတ္တော၊ သော။ အာသဝေါ၊ သည်။ **ကာမာသဝေါ၊ မည်၏။** ရူပါရူပသင်္ခါတေ၊ သော။ ကမ္မတောစ၊ ကမ္မဘဝအားဖြင့်ရင်း။ ဥပပတ္တိဘဝ တောစ၊ ဥပပတ္တိဘဝအားဖြင့်ရင်း။ ဒုဝိဓေပိ၊ သော။ ဘဝေ၊ ၌။ ပဝတ္တော၊ သော။ အာသဝေါ၊ သည်။ **ဘဝါသဝေါ၊ မည်၏။**

**ဝေနုဋ္ဌ။** ။ဘဝတိ ဖလံ ဧတသ္မာတိ ဘဝေါ။ ကမ္မဘဝရ၏။ ဘဝတီတိ ဘဝေါ။ ဥပပတ္တိဘဝရ၏။

ဒိဋ္ဌိဝေ၊ ဒိဋ္ဌိသည်ပင်လျှင်။ အာသဝေါ၊မည်၏။ **ဒိဋ္ဌာသဝေါ၊မည်၏။** အဝိဇ္ဇာဝေ၊ သည်ပင်လျှင်။ အာသဝေါ၊မည်၏။ **အဝိဇ္ဇာသဝေါ၊ မည်၏။**

၁၁၀၃။ **ကာမေသူတိ၊** ကား။ ပဉ္စသု ကာမဂုဏေသု၊တို့၌။ **ကာမစ္ဆန္ဒော တိ၊**ကား။ ကာမသင်္ခါတော၊သော။ ဆန္ဒော၊တည်း။ ကတ္တုကမျတာဆန္ဒော၊ သည်။ န၊ မဟုတ်။

**အနုသန္ဓေ။** ။ကတ္တုကမျတာ ဆန္ဒသည် ကုသိုလ အကုသိုလ် နှစ်ပါး၌ပင်ရှိခဲ့ ရကား "န ဓမ္မစ္ဆန္ဒော"မိန့်သော်....။

ဓမ္မစ္ဆန္ဒော၊ ဓမ္မစ္ဆန္ဒသည်။ န၊ မဟုတ်။ ကာမနဋ္ဌေန၊ အလိုရှိသည်၏အစွမ်း ဖြင့်ရင်း။ ရဇ္ဇနဋ္ဌေနစ၊ တပ်သည်၏အစွမ်းဖြင့်ရင်း။ ကာမေဝ၊ ကာမ သည်ပင်လျှင်။ရာဂေါ၊ ရာဂမည်၏။ **ကာမရာဂေါ၊**ကာမရာဂမည်၏။ကာမန ဋ္ဌေန၊ အလိုရှိသည်၏ အစွမ်းဖြင့်ရင်း။ နန္ဒနဋ္ဌေန၊ နှစ်သက်သည်၏ အစွမ်းဖြင့်ရင်း။**ကာမေဝ၊**လျှင်။ နန္ဒီ၊နှစ်သက်ခြင်းတည်း။ **ကာမနန္ဒီ၊**ခြင်း။ ဧဝံ၊ ဤသို့။ သဗ္ဗတ္ထ၊ အလုံးစုံတို့၌။ကာမတ္ထံ၊ကာမသဒ္ဒါ၏အနက်ကို။ဝိဒိတွာ၊ သိ၍။ တဏှာယနဋ္ဌေန၊ အာရုံကို သုံးဆောင် ခံစားခြင်းငှါ အလိုရှိသော အနက်အားဖြင့်။ **ကာမတဏှာ၊** မည်၏။ သိနေဟနဋ္ဌေန၊ ချစ်ခြင်း, စေးကပ် ခြင်း အနက်အားဖြင့်။ **ကာမသိနေဟော၊** မည်၏။ပရိဋ္ဌဟနဋ္ဌေန၊ ပူလောင် ခြင်း အနက်အားဖြင့်။**ကာမပရိဠာဟော၊** မည်၏။ မုစ္ဆနဋ္ဌေန၊ တွေဝေခြင်း အနက်အားဖြင့်။ **ကာမမုစ္ဆာ၊**မည်၏။ ဂိလိတွာ၊၍။ပရိနိဋ္ဌာပနဋ္ဌေန၊ ပြီးဆုံး

http://www.dhammadownload.com



စေခြင်းအနက်အားဖြင့်။ ကာမဓျော့သာနံ၊ မည်၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊၏။ အယံဝုစ္စတီတိ၊ကား။အဌဟိ၊ကုန်သော။ပဒေဟိ၊တို့ဖြင့်။ဝိဘတ္တော၊သော။ အယံအာသဝေါ၊ ကို။ ကာမာသဝေါနာမ၊ မည်၏ဟူ၍။ဝုစ္စတိ၊၏။

၁၁၀၄။ ဘဝေသု ဘဝဆန္ဒောတိ၊ကား။ ရူပါရူပ ဘဝေသု၊ တို့၌။ ဘဝပတ္ထနာဝသေန၊ ဘဝကိုတောင့်တသည်၏ အစွမ်းဖြင့်သာလျှင်။ ပဝတ္တော၊ သော။ ဆန္ဒော၊သည်။ ဘဝဆန္ဒော၊ မည်၏။ သေသပဒါနိပိ၊ တို့ကိုလည်း။ ဣမိနာဝ နယေန၊ ဖြင့်သာလျှင်။ ဝေဒိတဗ္ဗာနိ၊ကုန်၏။

၁၁၀၅။ သဿတောလောကော‌ဝါတိအာဒီဟိ၊ဤသို့အစရှိကုန်သော။ ဒသဟာကာရေဟိ၊ ဆယ်ပါးသော အခြင်းအရာတို့ဖြင့်။ ဒိဋ္ဌိပ္ပဘေဒေါ၊ ကိုသာလျှင်။ဝုတ္တော၊၏။တတ္ထ၊ထိုသဿတောလောကောစသောပုဒ်တို့တွင်။ သဿတော လောကောတိဧတ္ထ၌။ ခန္ဓပဉ္စကံ၊ကို။ "လောကော"တိ၊ ဟူ၍။ ဂဟေတွာ၊ယူ၍။ "အယံလောကော၊ ဤခန္ဓာ ငါးပါးဟူသော လောကသည်။ နိစ္စော၊မြဲ၏။ ဓုဝေါ၊ မြဲ၏။သဗ္ဗကာလိကော၊ ခပ်သိမ်းသောကာလ၌ဖြစ်၏"။ ဣတိ၊ဤသို့။ ဂဏှန္တဿ၊ယူသောသူ၏။ "သဿတ"န္တိ၊ မြဲ၏ဟူ၍။ ဂဟဏာကာရပဝတ္တာ၊ ယူသော အခြင်းအရာအားဖြင့် ဖြစ်သော။ ဒိဋ္ဌိ၊တည်း။ အ သဿတောတိ၊ဟူ၍။ တမေဝလောကံ၊ ထိုခန္ဓာ ငါးပါးဟူသော လောကကိုပင်လျှင်။ "ဥစ္ဆိဇ္ဇတိ၊ ပြတ်၏။ဝိနဿတိ၊၏"။ဣတိ၊သို့။ဂဏှန္တဿ၊၏။ ဥစ္ဆေဒဂဟဏာကာရပဝတ္တာ၊ ပြတ်ခြင်းကို ယူသော အခြင်းအရာဖြင့် ဖြစ်သော။ ဒိဋ္ဌိ၊ဒိဋ္ဌိတည်း။ အန္တဝါတိ၊ ကား။ ပရိတ္တကသိဏလာဘိနော၊ ကျဉ်းသော ကသိုဏ်းပဋိဘာဂနိမိတ်ကို ရသည်ဖြစ်၍။ သုပ္ပမတ္တေဝါ၊ မန်း ပမာဏရှိသည်လည်းဖြစ်သော။ သရာဝမတ္တေဝါ၊ အိုးဖုံးစလောင်း ပမာဏ ရှိသည်လည်းဖြစ်သော။ ကသိဏေ၌။ သမာပန္နဿ၊ ဝင်စားသည် ဖြစ်၍။ အန္တောသမာပတ္တိယံ၊ သမာပတ်အတွင်း၌။ ပဝတ္တိတ ရူပါရူပ ဓမ္မေ၊ ဖြစ်စေအပ်သော ရုပ်,နာမ်တရားတို့ကို။ "လောကော"တိစ၊ ဟူ၍၎င်း။ ကသိဏ ပရိစ္ဆေဒန္တေန၊ ကသိုဏ်း အပိုင်းအခြား၏ အဆုံးအားဖြင့်။ "အန္တဝါ"တိစ၊ အဆုံးရှိ၏ဟူ၍၎င်း။ ဂဏှန္တဿ၊ ၏။ "လောကော၊ သည်။ အန္တဝါ၊ အဆုံး ရှိ၏"။ ဣတိ၊သို့။ ဂဟဏာကာရပ္ပဝတ္တာ၊ ယူသော အခြင်းအရာအားဖြင့်

http://www.dhammadownload.com



ဖြစ်သော။ဒိဋ္ဌိ၊တည်း။ သာ၊ထိုအန္တဝါဒိဋ္ဌိသည်။သဿတဒိဋ္ဌိပိ၊ သည်လည်း။ ဟောတိ၊၏။ ဥစ္ဆေဒဒိဋ္ဌိပိ၊ သည်လည်း။ ဟောတိ၊၏။ ပန၊တပါး။ ဝိပုလကသိဏလာဘိနော၊ ကျယ်သောကသိုဏ်း ပဋိဘာဂနိမိတ်ကို ရသည်ဖြစ်၍။ တသ္မိံနိမိတ္တေ၊ ထိုကသိုဏ်း ပဋိဘာဂနိမိတ်၌။ သမာပန္နဿ၊ ဝင်စားသည် ဖြစ်၍။ အန္တောသမာပတ္တိယံ၌။ ပဝတ္တိတရူပါရူပဓမ္မေ၊တို့ကို။ "လောကော" တိစ၊ ရှုငင်း။ ကသိဏပရိစ္ဆေဒန္တေန၊ ကသိုဏ်း အပိုင်းအခြား၏ အဆုံး အားဖြင့်သာလျှင်။ "အနန္တော"တိစ၊ အဆုံးမရှိသည်ဟူ၍ရှုငင်း။ ဂဏှန္တဿ၊၏။ "လောကော၊သည်။ အနန္တဝါ၊ အဆုံးမရှိ"။ဣတိ၊သို့။ ဂဟဏာကာရပ္ပဝတ္တာ၊ ယူသောအခြင်း အရာအားဖြင့်ဖြစ်သော။ဒိဋ္ဌိ၊ တည်း။ သာ၊ထိုအနန္တဝါဒိဋ္ဌိသည်။ သဿတဒိဋ္ဌိပိ၊သည်လည်း။ ဟောတိ၊ဖြစ်၏။ ဥစ္ဆေဒဒိဋ္ဌိပိ၊သည် လည်း။ ဟောတိ၊ဖြစ်၏။

**တံဇီဝံ တံသရီရန္တိ၊ ကား။** ဘေဒနဓမ္မဿ၊ ပျက်ခြင်း သဘောရှိသော။ သရီရဿဝ၊ ကိုယ်၏သာလျှင်။ "ဇီဝ"န္တိ၊ ဇီဝ ဟူ၍။ ဂဟိတတ္တာ၊ ယူအပ်သည်၏ အဖြစ်ကြောင့်။ သရီရေ၊ သည်။ ဥစ္ဆိဇ္ဇမာနေ၊ ပြတ်သည်ရှိသော်။ "ဇီဝမ္ပိ၊ ဇီဝသည်သည်လည်း။ ဥစ္ဆိဇ္ဇတိ၊ ပြတ်၏"။ ဣတိ၊ ဤသို့။ဂဟဏာကာရပ္ပဝတ္တာ၊ သော။ ဒိဋ္ဌိ၊တည်း။ ဒုတိယပဒေ၌။ သရီရတော၊မှ။ အညဿ၊တပါး သော။ ဇီဝဿ၊ဇီဝ၏။ ဂဟိတတ္တာ၊ ယူအပ်သည်၏ အဖြစ်ကြောင့်။ သရီရေ၊ သည်။ ဥစ္ဆိဇ္ဇမာနေပိ၊ သော်သည်း။"ဇီဝံ၊သည်။ န ဥစ္ဆိဇ္ဇတိ၊ မပြတ်"။ဣတိ၊ သို့။ သဿတဂဟဏာကာရပ္ပဝတ္တာ၊ သဿတဟူ၍ ယူသော အခြင်းအရာ အားဖြင့်ဖြစ်သော။ ဒိဋ္ဌိ၊ တည်း။ **ဟောတိ တထာဂတော ပရမ္မရဏာတိ** အာဒီသု၊ တို့၌။ သတ္တော၊ သည်။ တထာဂတောနာမ၊ မည်၏။ သော သတ္တော၊ သည်။ "မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ ဖဟောတိ၊ ထင် ရှားရှိ၏"။ ဣတိ၊ ဤသို့၊ ဂဏှတော၊ အား။ ပဌမာ၊ သော။ သဿတ ဒိဋ္ဌိ၊ သည်။ ဟောတိ၊ ဖြစ်၏။ "မရဏာ၊မှ။ ပရံ၊ ၌။ နဟောတိ၊ ထင်ရှား မရှိ"။ ဣတိ၊ ဤသို့။ ဂဏှတော၊ အား။ ဒုတိယာ၊ သော။ ဥစ္ဆေဒဒိဋ္ဌိ၊ သည်။ ဟောတိ၊ ၏။ "ဟောတိစ၊ ထင်ရှားမှုသည်းရှိ၏။နစဟောတိ၊ထင်ရှား မှုလည်းမရှိ"။ ဣတိ၊ သို့။ ဂဏှတော၊ အား။ တတိယာ၊ သော။ ဧကစ္စ သဿတဒိဋ္ဌိ၊ မည်သည်။ ဟောတိ၊ ၏။ "နေဝဟောတိ၊ထင်ရှားရှိသည်လည်း

5C
A

http://www.dhammadownload.com



မဟုတ်။ နနဟောတိ၊ ထင်ရှားမရှိသည်လည်းမဟုတ်”။ ဣတိ၊ သို့။ ဂဏှတော၊ အား။ စတုတ္ထော၊ သော။ အမရာဝိက္ခေပဒိဋ္ဌိ၊ သည်။ ဟောတိ၊၏။ ဣမေဓမ္မာ အာသဝါတိ၊ ကား။ ကာမာသဝဋ္ဌကိုရင်း။ ဘဝါသဝဋ္ဌကိုရင်း။ ဘဝဝသေန၊ဖြင့်။ ကေတော၊ တပေါင်းတည်း။ ကတွာ၊ပြု၍။သခေ်ပတော၊ အကျဉ်းအားဖြင့်။ တယော၊ သုံးပါးကုန်သော။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ စတ္တာရော၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ အာသဝါနာမ၊ ကုန်၏။

ပန၊ စေဒနာ သောခနာကို ထုတ်၍ဆိုအံ့။ဖြဟ္မာနံ၊ဖြဟ္မာတို့၏။ဝိမာနကပ္ပရုက္ခ အာဘရဏေသု၊ ဗိမာန်,ပဒေသာပင်, ဝတ်ဆင်သောတန်ဆာတို့၌။ ယောဆန္ဒရာဂေါ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ သောဆန္ဒရာဂေါ၊ သည်။ ကာမာသဝေါ၊ ကာမာသဝမည်သည်။ ဟောတိ၊ လော။နဟောတိ၊ လော။ ဣတိအယံ၊ ကား။ ပုစ္ဆာ၊ တည်း။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ ကား။ ပဉ္စကာမဂုဏိက ရာဂဿ၊ကို။ ဣဓဝေ ကာမလောကေယေဝ၊ ဤကာမဘုံ၌သာလျှင်။ ပဟီနတ္တာ၊ ပယ်အပ်သည်၏ အဖြစ်ကြောင့်။ နဟောတိ၊ မဖြစ်။ ပန၊ ဆက်။ သောဆန္ဒရာဂေါ၊သည်။ဟေတုဂေါစ္ဆကံ၊သို့။ပတွာ၊၍။လောဘော၊လောဘဟုဆိုအပ်သော။ဟေတုနာမ၊ဟိတ်မည်သည်။ဟောတိ၊ ဖြစ်၏။ဂန္ထဂေါစ္ဆကံ၊ သို့။ ပတွာ၊၍။ အဘိဇ္ဈာကာယဂန္ထောနာမ၊ မည်သည်။ ဟောတိ၊ ဖြစ်၏။ ကိလေသဂေါစ္ဆကံ၊သို့။ ပတွာ၊ ၍။ လောဘော၊ လောဘဟုဆိုအပ်သော။ ကိလေသောနာမ၊ မည်သည်။ဟောတိ၊ ဖြစ်၏။ ပန၊ ထိုမှတပါး။ ဒိဋ္ဌိသဟဇာတော၊သော။ ရာဂေါသည်။ ကာမာသဝေါ၊မည်သည်။ ဟောတိ၊လော။ နဟောတိ၊ လော။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊တည်း နဟောတိ၊ မဖြစ်။ ဒိဋ္ဌိရာဂေါနာမ၊ မည်သည်။ ဟောတိ၊၏။ ဟိ-သစ္စံ၊ မှန်၏။“ဒိဋ္ဌိရာဂရတ္တေ။ပ။ မဟာနိသံသ”န္တိ၊ ဟူသော။ ဝေါဝစနံ၊ ကို။ဝုတ္တံ၊ ၏၊ဒိဋ္ဌိရာဂရတ္တေ၊ ဒိဋ္ဌိရာဂဖြင့်တပ်သော။ပုရိသပုဂ္ဂလော၊ယောကျ်ားဖြစ်သောပုဂ္ဂိုလ်၌။ ဒိန္နဒါနံ၊ လှူအပ်သော ဒါနသည်။ မဟပ္ဖလံ၊ ကြီးသော အကျိုးရှိသည်။ နဟောတိ၊ မဖြစ်။ မဟာနိသံသံ၊ ကြီးသော အာနိသင်ရှိသည်။ နဟောတိ၊ မဖြစ်။

http://www.dhammadownload.com



**ယင်းစကားကို ရှင်းကာ၌ ပယ်၏။**

**ကာမာသဝံ ပဋိစ္စ ဒိဋ္ဌာသဝေါ အဝိဇ္ဇာသဝေါတိ ဝစနတော ဒိဋ္ဌိသဟဂတော ရာဂေါ ကာမာသဝေါ နဟောတီတိ နသက္ကာ ဝတ္တုံ။ ပယ်စကား။**

ပန၊ ထိုမှတပါး။ ဣမေ အာသဝေ၊ တို့ကို။ ကိလေသ ပဋ္ဌိပါဋိယာပိ၊ ဖြင့်လည်း။ အာဟရိတုံ၊ ငှါ။ ဝဋ္ဋတိ၊၏။ မဂ္ဂပဋ္ဌိပါဋိယာပိ၊ မဂ်စဉ်အားဖြင့် လည်း။ အာဟရိတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ ကိလေသပဋ္ဌိပါဋိယာ၊ အားဖြင့်။ ကာမာသဝေါ၊ ကို။ အနာဂါမိမဂ္ဂေန၊ ဖြင့်။ ပဟီယတိ၊ ၏။ ဘဝါသဝေါ၊ ကို။ အရဟတ္တမဂ္ဂေန၊ ဖြင့်။ဒိဋ္ဌာသဝေါ၊ ကို။ သောတာပတ္တိမဂ္ဂေန၊ ဖြင့်။ အဝိဇ္ဇာသဝေါ၊ ကို။ အရဟတ္တမဂ္ဂေန၊ ဖြင့်။ပဟီယတိ၊၏။ မဂ္ဂပဋ္ဌိပါဋိယာ၊ အားဖြင့်။ သောတာပတ္တိမဂ္ဂေန.ဖြင့်။ ဒိဋ္ဌာသဝေါ၊ကို။ ပဟီယတိ၊၏။အနာဂါမိမဂ္ဂေန၊ ဖြင့်။ ကာမာသဝေါ၊ကို။ အရဟတ္တမဂ္ဂေန၊ ဖြင့်။ဘဝါသဝေါစ၊ ကိုလည်း။ အဝိဇ္ဇာသဝေါစ၊ကိုလည်း။ ပဟီယတိ၊ ၏။ဣတိ၊ဤသို့။အာဟရိတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။

၁၁၂၁။ သံယောဇနေသု၊ တို့၌။ မာနနိဒ္ဒေသေ၊ ၌။ ဝိနိစ္ဆယော၊ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။သေယျောဟမသ္မီတိ မာနောတိ၊ကား။ ဥတ္တမဋ္ဌေန၊ မြတ်သောအနက်အားဖြင့်။ "အဟံ၊ငါသည်။ သေယျော၊မြတ်သည်။ အသ္မိ ဖြစ်၏"။ ဣတိဧဝံ၊သို့။ ဥပ္ပန္နမာနော၊ ဖြစ်သောမာနတည်း။ သဒိသော[ဟ] မသ္မီတိ မာနောတိ၊ကား။သမသမဋ္ဌေန၊ တူသည်ဖြစ်၍ တူသောအနက်အား ဖြင့်။"အဟံ၊ငါသည်။ သဒိသော၊ အရည်တူသည်။ အသ္မိ၊ ဖြစ်၏"။ဣတိဧဝံ၊ သို့။ဥပ္ပန္နမာနော၊ တည်း။ ဟီနောဟ မသ္မီတိ မာနောတိ၊ ကား။ လာမက ဋ္ဌေန၊ ယုတ်သောအနက်အားဖြင့်။ "အဟံ၊ငါသည်။ ဟီနော၊ ယုတ်သည်။ အသ္မိ၊ ဖြစ်၏"။ဣတိဧဝံ၊ ဤသို့။ ဥပ္ပန္နမာနော၊တည်း။

သမော ဟုတွာ သမော သမသမော။ပြု။ တစိတ်မျှတူသည်မဟုတ်။ လုံးလုံး တူသည်ဟူလို။ ဟီနောကား ဟာဓာတ် တပစ္စည်း။ တကိုန်၊ အာကိုဤပြု၍၊ ဟီနော ပြီးသည်ဟု ရူပ သိဒ္ဓိ ဆိုသည်။

[ဧ]ဝံ၊ ဤသို့။ ဥပ္ပန္နာ၊ ကုန်သော။ (တယောမာနာ၌စပ်)။ သေယျမာနော၊ ၎င်း။ သဒိသမာနော၊ ၎င်း။ ဟီနမာနော၊ ၎င်း။ ဣတိ၊ဤသို့။ တယော၊

http://www.dhammadownload.com



ကုန်သော။ ဠမေမာနာ၊ တို့သည်။ တိဏ္ဏံ၊ ကုန်သော။ ဇနာနံ၊ တို့အား။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဟိ–သစ္စံမှန်၏။ သေယျဿာပိ၊သေယျပုဂ္ဂိုလ်အားလည်း။ အဟံ၊ ငါသည်။ သေယျော၊ မြတ်သသူတည်း။ သဒိသော၊ အရည်တူသသူ တည်း။ ဟီနော၊ ယုတ်သသူတည်း။ဣတိ၊ သို့။ တဿယော၊ကုန်သော။မာနာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။သဒိသဿာပိ၊ သဒိသပုဂ္ဂိုလ်အားရှင်း။ဟီနဿပိ၊ အားရှင်း။ အဟံ၊ငါသည်။ သေယျော၊ တည်း။သဒိသော၊ တည်း။ ဟီနော၊ တည်း။ ဣတိ၊ဤသို့။တယော၊ ကုန်သော။ မာနာ၊တို့သည်။ဥပ္ပဇ္ဇန္တိ၊ကုန်၏။ ဟတ္ထ၊ ထို ကိုးပါးသော မာနတို့တွင်။ သေယျဿ၊ အား။ သေယျမာ နော၀၊သည်သာလျှင်။ယာထာ၀မာနော၊ဟုတ်မှန်သောမာန်သည်။ဟောတိ၊ ဖြစ်၏။ ဣတရေ၊ သေယျမာန်မှ တပါးကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော သဒိသမာန် ဟီနမာန်တို့သည်။ အ ယာထာ၀မာနာ၊ မဟုတ်မမှန်သော မာန်တို့သည်။ ဟောန္တိ၊ ကုန်၏။ သဒိသဿ၊ အား။ သဒိသမာနော၀၊ သာ လျှင်။ ယာထာ၀မာနော၊ သည်။ ဟောတိ၊၏။ ဣတရေ၊ သဒိသမာန်မှ တပါးကုန်သော။ ဒွေ၊ကုန်သောမာန်တို့သည်။အယာထာ၀မာနာ၊ တို့သည်။ ဟောန္တိ၊ကုန်၏။ ဟီနဿ၊အား။ ဟီနမာနော၀၊ သည်သာလျှင်။ ယာထာ ၀မာနော၊ သည်။ ဟောတိ၊ဖြစ်၏။ ဣတရေ၊ ဟီနမာန်မှတပါးကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော သေယျမာန်သဒိသမာန်တို့သည်။ အယာထာ၀မာနာ၊ တို့သည်။ဟောန္တိ၊ကုန်၏။ဣမိနာ၊ဤစကားဖြင့်။ကိံ အတ္တဇာတံ၊ကို။ကထိတံ၊ ဟောအပ်သနည်း။ ဧကဿ၊ တယောက်တယောက်သသူအား။ တယော၊ သုံးပါးသုံးပါးကုန်သော။ မာနာ၊တို့သည်။ဥပ္ပဇ္ဇန္တိ၊ကုန်၏။ ဣတိ အတ္တဇာတံ၊ ကို။ ကထိတံ၊ ၏။ပန၊ထိုမှတပါး။ခုဒ္ဒကဝတ္ထုကော၊ ခုဒ္ဒကဝတ္ထု ဝိဘင်း၌။ ပဌမကော မာနဘာဇနီယော၊ သေယျောဟမသ္မိဟူ၍ဖြစ်သော မာန၏နိဒ္ဒေသ၌။ ဧကော၊ သော။ မာနော၊ သည်။ တိဏ္ဏံ၊ ကုန်သော။ ဇနာနံ၊ တို့အား။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ ကထိတော၊ ဟောအပ်၏။

မာနကရဏ ၀သေန သေယျောတိ အာဒိ ကိစ္စကရဏ၀သေန၊ ငါသည် မြတ်သောသူတကား ဤသို့ စသည် မိမိကို ချီးမြှောက် ထောင်လွှားခြင်း ကိစ္စကို ပြုသည်၏ အစွမ်းအားဖြင့် မာနော၊မာနမည်၏။

http://www.dhammadownload.com



**အနုဋီကာ။** ။သေယျာဒိဝသေန အတ္တနော မနန် ပဂ္ဂဟော မာနော၊ တဿ ကရဏံ သေယျောဟမသ္မီတိ အာဒိပဝတ္တိယေဝါတိ ဝုတ္တံ သေယျောတိအာဒိ ကိစ္စကရဏန္တိ။ ။၀၀၅-ဆ။

**အနုအနက်။** ။သေယျာဒိဝသေန၊ မြတ်သည်၏ အဖြစ် စသောအစွမ်းအားဖြင့်။ အတ္တနော၊ မိမိကိုယ်ကို။ မနန် ပဂ္ဂဟော၊ ချီးမြှောက်ခြင်း။ မာနော၊ မိမိကိုယ်ကို ချီးမြှောက်ခြင်း။ တဿ၊ ထိုမိမိကိုယ်ကို ချီးမြှောက်ခြင်းကို။ ကရဏံ၊ ပြုခြင်းသည်။ သေယျောဟမသ္မီတိ အာဒိပဝတ္တိယေဝ၊ ငါသာလျှင် မြတ်၏ ဤသို့ အစရှိသောအခြင်းအရာ အားဖြင့်ဖြစ်ခြင်း သည်ပင်လျှင်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ သေယျောတိအာဒိ ကိစ္စကရဏန္တိ၊ ဟူ၍။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ဆိုအပ်၏။ မာနကရဏကို မာနဟူသည်။

မညနာ မညိတတ္တန္တိ၊ ဟူကုန်သော။ ဒွေ၊ နှစ်ပုဒ်တို့သည်။ အာကာရ ဘာဝ နိဒ္ဒေသာ၊ အာကာရနိဒ္ဒေသ ဘာဝနိဒ္ဒေသတို့သည်။ ဟောန္တိ၊ ကုန်၏။ ဥဿိ တဋ္ဌေန၊ အပေါ်သို့ မြင့်တက်သော အနက်ကြောင့်။ ဝါ၊ သူတပါးသို့ လွှားတတ်သော အနက်ကြောင့်။ ဥန္နတိ၊ မည်၏။ ယဿ၊ အား။ မာနော၊ သည်။ (ထည့်) ။ဥပ္ပဇ္ဇတိ၊ ၏။တံ ပုဂ္ဂလံ၊ ထိုသူကို။ဥန္နာမေတိ၊ အပေါ်သို့မြင့် တတ်၏။ဝါ၊မြင့်စေတတ်၏။ ဥက္ခိပိတွာ၊ ချီပင့်မြှောက်ကြွ၍။ ဌပေတိ၊ထား တတ်၏။ဣတိတသ္မာ၊ကြောင့်။ဥန္နာမော၊မည်၏။သမုဿိတဋ္ဌေန၊သူ့အပေါ် သို့ လွှားတတ်သော အနက်ကြောင့်။ ဓဇော၊ မည်၏။ ဥက္ခိပနဋ္ဌေန၊ ချီပင့် မြှောက်ကြွတတ်သောအနက်ကြောင့်။စိတ္တံ၊ကို။သမ္ပဂ္ဂဏှာတိ၊ထက်ဝန်းကျင်မှ ချီပင့်မြှောက်ကြွတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ္ပဂ္ဂဟော၊ မည်၏။ ဗဟူသု၊များစွာကုန်သော။ ဓဇေသု၊တံခွန်တို့တွင်။ အစ္စုဂ္ဂတဓဇော၊ အလွန် မြင့်တက်သောတံခွန်ကို။ ကေတုဟူ၍။ ဝုစ္စတိ၊ ၏။ မာနောပိ၊ လည်း။ ပုနပ္ပုနံ၊လဲ။ ဥပ္ပဇ္ဇမာနော၊ ဖြစ်လတ်သော်။အပရာပရေ၊ နောက်နောက်ဖြစ် သော မာနတို့ကို။ ဥပါဒါယ၊ ထောက်၍။ ဝါ၊ ဥပနိဿယဘာဝေန၊ ဥပ နိဿယ၏အဖြစ်ဖြင့်။(ထည့်)။ အစ္စုဂ္ဂတဋ္ဌေန၊ အလွန်မြင့်တက်သောအနက် ကြောင့်။ ကေတုဝိယ၊ တံခွန်အပေါင်းတို့တွင် မြင့်တက်သော တံခွန်နှင့် တူသည်။ ဟောတိ၊ဖြစ်၏။ ဣတိတသ္မာ၊ကြောင့်။ ကေတုးမည်၏။ယံစိတ္တံ၊ သည်။ ကေတုံ၊ တံခွန်အပေါင်းတို့တွင် အလွန်မြင့်တက်သော တံခွန်ကဲ့သို့ မြင့်တက်သောမာနကို။ ဣစ္ဆတိ၊ အလိုရှိတတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။

http://www.dhammadownload.com



ကေတုကမျံ၊ မည်၏။ တဿ၊ ထိုအလွန်မြင့်တက်သောတံခွန်ကဲ့သို့ မြင့်တက်သောမာနကို အလိုရှိသောစိတ်၏။ဘာဝေါ၊တည်း။ ကေတုကမျတာ၊အလွန်မြင့်တက်သောတံခွန်ကဲ့သို့ မြင့်တက်သော မာနကို အလိုရှိသော စိတ်အဖြစ်။ ပန၊ဆက်။ သာကေတုကမျတာ၊ သည်။ စိတ္တဿ၊၏။ကေတုကမျတာ၊သည်။ ဟောတိ၊ဖြစ်၏။ အတ္တနော၊အတ္တ၏။ ကေတုကမျတာ၊ သည်။ န၊ မဟုတ်။ တေန၊ထိုကြောင့်။ "ကေတုကမျတာ စိတ္တဿ"တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဟိ-သစ္စံ၊၏။ မာနသမ္ပယုတ္တံ၊ မာနနှင့်ယှဉ်သော။ စိတ္တံ၊ သည်။ ကေတုံ၊ အလွန်မြင့်တက်သော တံခွန်ကဲ့သို့ မြင့်တက်သောမာနကို။ ဣစ္ဆတိ၊ အလိုရှိတတ်၏။ တဿ၊ ထိုမာနသမ္ပယုတ်စိတ်၏။ ဘာဝေါစ၊လည်း။ ကေတုကမျတာ၊ မည်၏။ ကေတုသင်္ခါတော၊ အလွန်မြင့်တက်သော တံခွန်နှင့်တူသည်ဟုဆိုအပ်သော။ မာနတော၊ မာန။ ဣတိအယံ၊ ဤသည်ကား။အတ္ထော၊တည်း။

၁၁၂၆။ ဣဿာနိဒ္ဒေသေ၊ ၌။ ယာ ပရလာဘသက္ကာရ ဂရုကာရမာနန ဝန္ဒန ပူဇနာသု ဣဿာတိ၊ ကား။ ယာဓမ္မဇာတိ၊ သည်။ ပရေသံ၊ သူတပါးတို့၏။ ဧတေသု လာဘာဒီသု၊ ထိုလာဘ စသည်တို့၌။ "ဣမေသံ၊ ဤသူတို့အား။ ဣမိနာလာဘာဒိနာ၊ ဤလာဘစသည်ဖြင့်။ ကိံ ပယောဇနံ၊ အဘယ်အကျိုးရှိအံ့နည်း"။ ဣတိ၊ ဤသို့။ ပရသမ္ပတ္တိ ခိယျနလက္ခဏာ၊ သူတပါးစည်းစိမ်ကို သည်းမခံခြင်း။ ဝါ၊ မနှစ်သက်ခြင်း လက္ခဏာရှိသော တရားသည်။ ဣဿာ၊ မည်၏။

အဖွင့်။ ။ကိံ ဣမိနာတိ ကိံ ပယောဇနံ ဣမိနာ ပုဂ္ဂလေန ဣမေသံ လာဘာဒိနံ၊ ဟု ယောဇနာ (၂၀၃-သု) ဖွင့်သည်ကို ဆင်ခြင်။

တတ္ထ၊ ထိုလာဘစသည်တို့တွင်။ လာဘောတိ၊ ကား။ စီဝရာဒီနံ၊ သင်္ကန်းအစရှိကုန်သော။ စတုန္နံ၊ ကုန်သော။ ပစ္စယာဒီနံ၊ တို့ကို။ ပဋိလာဘော၊ ရခြင်းတည်း။ ဟိ-သစ္စံ၊ မှန်၏။ ဣဿုကီ၊ဣဿာနှင့်ပြည့်စုံသော။ပုဂ္ဂလော၊သည်။ ပရဿ၊ သူတပါး၏။ တံလာဘံ၊ ထိုလာဘ်ကို။ "ဣမဿ၊ အား။ ဣမိနာ လာဘေန၊ ဖြင့်။ ကိံ ပယောဇနံ၊ နည်း"။ဣတိ၊ ဤသို့။ ခိယျတိ နဣစ္ဆတိ၊ အလိုမရှိတတ် မနှစ်သက်တ[illegible]။

http://www.dhammadownload.com



ဧယာဇနာ။ ဣဿာ အဿ အတ္ထီတိ ဣဿုကီ၊ ဒိဿန္တေသုပိ ပစ္စယာတိ မေဝဂ္ဂလာနယုတ္တေန ဥကိ°။ ။၂၀၃-သု။

သက္ကာရေတိ၊ ကား။ သုကတာနံ၊ ကောင်းစွာပြုပြင်အပ်ကုန်သော။ သုန္ဒရာနံ၊ ကောင်းမြတ်ကုန်သော။ တေသံယေဝ ပစ္စယာနံ၊ ထိုသက်န်းစသော လေးပါးသောပစ္စည်းတို့ကိုသာလျှင်။ ပဋိလာဘော၊ ရခြင်းတည်း။ ဂရုကာရေတိ၊ ကား။ ဂရုကြိယာ ဂရုကရဏံ၊ အလေးအမြတ် ပြုခြင်းတည်း။ မာနန္တိ၊ ကား။ မနေနု၊စိတ်ဖြင့်။ပိယကရဏံ၊ ချစ်မြတ်နိုးခြင်းကိုပြုခြင်းတည်း။ ဝန္ဒနန္တိ၊ ကား။ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသော တည်ခြင်းဖြင့်။ ဝန္ဒနံ၊ ခြင်းတည်း။ ပူဇနာတိ၊ ကား။ ဂန္ဓမာလာဒီဟိ၊နံ့သာပန်း စသည်တို့ဖြင့်။ပူဇနာ၊ ပူဇော်ခြင်းတည်း။ဣဿာဝသေန[၂] လာဘာဒိအက္ခမနကိစ္စဝသေန၊ သူတပါး လာဘ်စသည်ကို မနှစ်သက်ခြင်းကိစ္စ၏ အစွမ်းဖြင့်။ ဣဿာ၊မည်၏။ ဣဿာ ကာရော၊သူတပါး၏လာဘ်စသည်ကိုမနှစ်သက်သောအမူအရာကြိယာသည်။ ဣဿာယနာ၊ မည်၏။ ဣဿာယိတဘာဝေါ၊ မနှစ်သက်သော အားဖြင့် ဖြစ်တတ်သောသူ၏ အဖြစ်သည်။ ဣဿာယိတတ္တံ၊ မည်၏။ ဥသူယာဒီနိ၊ ဥသူယစသည်တို့သည်။ ဣဿာဝေဝစနာနိ၊ ဣဿာ၏ ဝေဝုစ်တို့တည်း။

ပန၊ ဆက်။ ဣမိဿာ ဣဿာယ၊ ၏။ ခိယျနလက္ခဏာ၊မနှစ်သက်ခြင်း လက္ခဏာကို။ အာဂါရိကေနပိ၊ လူဖြင့်ငှင်း။ အနာဂါရိကေနပိ၊ ရဟန်းဖြင့် ၎င်း။ ဒီပေတဗ္ဗံ၊ ပြအပ်၏။ ဟိ၊ ချဲ့အံ့။ အာဂါရိကော၊ သော'ကေစ္စော၊ သည်။ကသိဏဝါဏိဇ္ဇာဒီသုလယ်လုပ်ကုန်သွယ်စသည်တို့တွင်။ အညတရေန၊ သော။ အာဇီဝေန၊ အသက်မွေးကြောင်းဖြင့်။ အတ္တနော၊၏။ ပုရိသကာရံ၊ ယောကျ်ားတော်တကာတို့ပြုအပ်သောအမှုကို။ နိဿာယ၊၍။ဘဒ္ဒကံ၊သော။ ယာနံဝါ၊ လှည်းစသော ယာဉ်ကိုငှင်း။ ဝါဟနံဝါ၊ဆင်ယာဉ် မြင်းယာဉ်ကို ၎င်း။ ရတနံဝါ၊ ရတနာကိုငှင်း။ လဘတိ၊ ရ၏။အပရော၊ တယောက်သောသူသည်။ တဿ၊ထိုရသောသူ၏။အ လာဘတ္ထိကော၊ ရခြင်းကို အလိုမရှိသည်

၁။ ဝုတ္တိမေဝဂ္ဂလ္လာန် စတုတ္ထကဏ္ဍ ၁၂၀-မြောက်သုတ်မှာကြည့်။

၂။ ဆဋ္ဌမူ အဋ္ဌကထာ၌ ဣဿာယနဝသေနဟုရှိ၍ ၎င်းဆဋ္ဌမူ မူလဋီကာ၌ ဣဿာကရဏဝသေန-ဟုရှိ၏။ အချင်းချင်းမညီ၊ မူပြင်ဆရာတို့ သတိပြုတော်မူ ဟန်တူသည်။ ဆဋ္ဌမူ မူလဋီကာ ၁၇၀-မှာကြည့်။

http://www.dhammadownload.com



ဖြစ်၍။ တေနလာဘေန၊ ဖြင့်။နတုဿတိ၊မနှစ်သက်။"ဧသ-ဧသော၊ ဤငမွဲ
သည်။ကဒါနုခေါ၊ အဘယ်အခါ၌လျှင်။ဣမာယသမ္ပတ္တိယာ၊ဤစည်းစိမ်မှ။
ပရိဟာယိတွာ၊ ဆုတ်ယုတ်၍။ ကပဏော၊ အထီးကျန်သည်။ ဟုတွာ၊၍။
စရိဿတိ၊ လှည့်လည်ရအံ့နည်း"။ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံ၍။ ဧကေန၊
သော။ကာရဏေန၊အကြောင်းဖြင့်။ တသ္မိံ၊ထိုသူသည်။တာယ သမ္ပတ္တိယာ၊
ထိုစည်းစိမ်မှ။ပရိဟီနေ၊ ယုတ်သည်ရှိသော်။အတ္တမနော၊ ဝမ်းမြောက်သည်။
ဟောတိ၊၏။ ဧကော၊သော။ အနာဂါရိယောပိ၊ သည်လည်း။ ဣဿာမန
ကော၊ ဣဿာနှိပ်စက်သော စိတ်ရှိသည်ဖြစ်၍။ အညံ၊ တပါးသောသူကို။
အတ္တနော၊၏။ သုတပရိယတ္တိ အာဒီနို၊အကြားအမြင် ပရိယတ်စသည်တို့ကို။
နိဿာယ၊ မှီ၍။ ဥပ္ပန္နလာဘာဒိသမ္ပတ္တိံ၊ ဖြစ်သောလာဘ်စသည်နှင့် ပြည့်စုံ
သည်ကို။ ဒိသွာ၊၍။ "ကဒါနုခေါ၊ အဘယ်အခါ၌လျှင်။ ဧသော ဘိက္ခု၊
သည်။ ဣမေဟိလာဘာဒီဟိ၊ ဤလာဘ်စသည်တို့မှ။ပရိဟာယိဿတိ၊ ယုတ်ပါ
လတ္တံ့နည်း"။ဣတိ၊ ဤသို့။ စိန္တေတွာ၍။ ယဒါ၊၌။ တံဘိက္ခုံ၊ကို။ဧကေန၊
သော။ ကာရဏေန၊ ဖြင့်။ ပရိဟီနံ၊ကို။ပဿတိ၊ ၏။တဒါ၊၌။ အတ္တမနော၊
သည်။ဟောတိ၊၏။ဧဝံ၊သို့။ ဣဿာ၊ကို။ပရသမ္ပတ္တိခိယျနလက္ခဏာ၊သူတပါး
စည်းစိမ်ကိုမနှစ်သက်ခြင်းလက္ခဏာရှိ၏။ဣတိ၊ဤသို့။ ဝေဒိတဗ္ဗာ၊သိအပ်၏။

၁၁၂၇။ မစ္ဆရိယနိဒ္ဒေသေ၊ ၌။ ဝတ္ထုတော၊ဖြင့်။ မစ္ဆရိယနိဒဿနံ၊ ငါ။
ပဉ္စမစ္ဆရိယာနိ အာဝါသမစ္ဆရိယန္တိအာဒိ၊ ကို။ ဘာဇတာ၊သည်။ ဝုတ္တံ၊၏။
တတ္ထ၊၌။ ဝိနိစ္ဆယော၊ကို။ ဝေဒိတဗ္ဗော၊ ၏။အာဝါသေ၊ ကျောင်းကန်၌။
မစ္ဆရိယံ၊ဝန်တိုခြင်း။အာဝါသမစ္ဆရိယံ၊ ခြင်း။သေသပဒေသုပိ၊ တို့၌လည်း။
ဧသေဝနယော၊ ကိုသာလျှင်။ဝေဒိတဗ္ဗော၊ ၏။

သကလာရာမောပိ၊ အလုံးစုံသော အရာမ်သည်ငှင်း။ ပရိဝေဏမ္ပိ၊ ပရိ
ဝုဏ်သည်ငှင်း။ ဧကောဝရကောပိ၊ တခုသော တိုက်ခန်းသည်ငှင်း။ ရတ္တိ
ဋ္ဌာန ဒိဝါဋ္ဌာနာနိပိ၊ ညဉ့်သန့်ရာအရပ် နေ့သန့်ရာအရပ်စသည်တို့သည်ငှင်း။
အာဝါသောနာမ၊ မည်၏။ တေသု၊ ထိုအာရာမစသည်တို့၌။ဝသန္တာ၊နေကုန်
သောသူတို့သည်၊ သုခံ၊ ချမ်းသာစွာ။ ဝသန္တိ၊ နေရကုန်၏။ ပစ္စယေ၊တို့ကို။
လဘန္တိ၊ ရလွယ်ကုန်၏။ ဧကော ဘိက္ခု၊ သည်။ဝတ္တသမ္ပန္နသော ဝ၊ ဝတ်နှင့်

http://www.dhammadownload.com



ပြည့်စုံသည်သာလျှင် ဖြစ်သော။ ပေသလဿ၊သီလကိုချစ်သော။ဘိက္ခုနော၊ ၏။ တတ္ထ၊ ထိုအာဝါသသို့။ အာဂမနံ၊ လာခြင်းကို။ န ဣစ္ဆတိ၊ အလိုမရှိ။ အာဂတောပိ၊လာသော်လည်း။ ခိပ္ပံ၊လျှင်စွာ။ ဂစ္ဆတု၊သွားပါစေသတည်း။ ဣတိ၊ ဤသို့။ စိန္တေသိ၊၏။ဣဒံ၊ ဤသို့ ဝန်တိုခြင်းသည်။ **အာဝါသမစ္ဆရိယံ** နာမ၊ မည်၏။ ပန၊ ဗျတိရိက်ကိုဆိုအံ့။ ဘဏ္ဍနကာရကာဒီနံ၊ ငြင်းခုံခြင်းကို ပြုတတ်သော ရဟန်းဆိုး စသည်တို့၏။ တတ္ထ၊ ထိုအာဝါသ၌။ ဝါသံ၊ ကို။ အနိစ္ဆတော၊အလိုမရှိသော ရဟန်းအား။ အာဝါသမစ္ဆရိယံ၊သည်။ နဟောတိ၊ မဖြစ်။

**ကုလန္တိ**၊ ကား။ ဥပဋ္ဌာကကုလမ္ပိ၊ အလုပ်အကျွေးဖြစ်သော အမျိုးသည် ရင်း။ဉာတိကုလမ္ပိ၊အဆွေတော်သော အမျိုးသည်ရင်း။ ကုလံ၊မည်၏။ တတ္ထ၊ ထိုအမျိုးသို့။ အညဿ၊ တပါးသော ရဟန်း၏။ ဥပသင်္ကမနံ၊ ကပ်ခြင်းကို။ အနိစ္ဆတော၊ အလိုမရှိသော ရဟန်းအား။ ကုလမစ္ဆရိယံ၊ သည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ဗျတိရိက်ကိုဆိုအံ့။ ပါပပုဂ္ဂလဿ၊ ယုတ်မာသောရဟန်း၏။ ဥပသင်္ကမနံ၊ကပ်ခြင်းကို။ အနိစ္ဆတော၊ အလိုမရှိသော ရဟန်းအား။ မစ္ဆရိယံ နာမ၊မည်သည်။န ဟောတိ၊မဖြစ်။**ဟိ-သစ္စံ**၊မှန်၏။သော ပါပဘိက္ခု၊သည်။ တေသံကုလာနံ၊ တို့၏။ ပသာဒ ဘေဒါယ၊ ကြည်ညိုခြင်း၏ ပျက်ခြင်းငှာ။ ပဋိပဇ္ဇတိ၊ကျင့်တတ်၏။ပသာဒံ၊ကို။ ရက္ခိတုံ၊ငှာ။သမတ္ထော၊စွမ်းနိုင်သည် သာလျှင်ဖြစ်သော။ ဘိက္ခုနော၊၏။ တတ္ထ၊ ထိုအမျိုးသို့။ ဥပသင်္ကမနံ၊ကို။ အနိစ္ဆန္တော၊သည်။ မစ္ဆရီ နာမ၊ မည်သည်။ ဟောတိ၊ ဖြစ်၏။

**လာဘောတိ**၊ ကား။ စတုပစ္စယ လာဘော၊ ပစ္စည်းလေးပါးကိုရခြင်း ပင်တည်း။ တံ၊ ထိုလာဘ်ကို။ အညသ္မိံ၊ တပါးသော။ သီလဝန္တေ၊ သီလ ရှိသော ရဟန်းသည်။ လဘန္တေ ယေဝ၊ရသော်သာလျှင်။မာ လဘတု၊မရပါ စေသတည်း။ ဣတိ၊ သို့။ စိန္တေန္တဿ၊ ကြံသော ရဟန်းအား။ လာဘမစ္ဆရိယံ၊ သည်။ ဟောတိ၊ ၏။ ပန၊ ဗျတိရိက်ကိုဆိုအံ့။ယော ဘိက္ခု၊သည်။သဒ္ဓါ ဒေယျံ၊ သဒ္ဓါ၌ လှူအပ်သော ပစ္စည်းကို။ ဝိနိပါတေတိ၊ ဖျက်ဆီးတတ်၏။ အပရိဘောဂ ဒုပ္ပရိဘောဂါဒိဝသေန၊ မသုံးဆောင်ခြင်း မကောင်းသဖြင့် သုံးဆောင်ခြင်း စသည်တို့၏ အစွမ်းဖြင့်။ ဝိနာသေတိ၊ ဖျက်ဆီးတတ်၏၊

၁။ အနိစ္ဆတောပိ မစ္ဆရိယံ နာမ (သီ-က)။

http://www.dhammadownload.com



ပူတိဘာဝံ၊ ပုပ်သိုးသည်၏ အဖြစ်သို့။ ဂစ္ဆန္တမ္ပိ၊ ရောက်သော်လည်း။ အညသ္မ၊ သူတပါးအား။ နဒေတိ၊ မပေးတတ်။ "တံ၊ ထိုရဟန်းဆိုးကို။ ဒိသွာ၊ မြင်၍။ သေ-သော ဘိက္ခူ၊ သည်။ ဣမံလာဘံ၊ ကို။ သစေ နလဘေယျ၊ အကယ်၍ မရငြားအံ့။ အညော၊ သော။ သီလဝါ၊ သီလရှိသော ရဟန်းသည်။ သစေ လဘေယျ၊ အကယ်၍ရငြားအံ့။ ပရိဘောဂံ၊ သို့။ ဂစ္ဆေယျ၊ ရောက်ရာ၏"။ ဣတိ၊ သို့။ စိန္တေန္တဿ၊ အား။ မစ္ဆရိယံနာမ၊ မည်သည်။ နတ္ထိ၊ မရှိ။

သရီရဝဏ္ဏောပိ၊ သရီရဝဏ္ဏသည်၎င်း။ ဂုဏဝဏ္ဏောပိ၊ ဂုဏဝဏ္ဏသည်၎င်း။ ဝဏ္ဏောနာမ မည်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သရီရဝဏ္ဏေ၊ ကိုယ်၏ကျေးဇူး၌။ မစ္ဆရိယ ပုဂ္ဂလော၊ သည်။ ပရော၊ သူတပါးသည်။ ပါသာဒိကော၊ ကြည်ညိုဘွယ်ရှိ၏။ ရူပဝါ၊ အဆင်းနှင့် ပြည့်စုံ၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်သည် ရှိသော်။ တံဝစနံ၊ ကို။ နကထေတုကာမော၊ မဆိုစေလိုသည်။ ဟောတိ၊ ဖြစ်၏။ ဂုဏဝဏ္ဏ မစ္ဆရီ၊ ဂုဏ်ကျေးဇူး၌ ဝန်တိုသောသူသည်။ သီလေန၊ သီလဖြင့်။ ဓုတင်္ဂေန၊ ဓုတင်အကျင့်ဖြင့်။ ပဋိပဒါယ၊ ချွန်မင်္ဂဖိုလ်ကို ရကြောင်းအကျင့် ဖြင့်။ အာစာရေန၊ ကိုယ် နှုတ် အမူအရာဖြင့်။ ဝဏ္ဏံ၊ ကျေးဇူးကို။ နကထေတုကာမော၊ မဆိုစေလိုသည်။ ဟောတိ၊ ဖြစ်၏။

ဓမ္မောတိ၊ ကား။ ပရိယတ္တိဓမ္မော စ၊ ပရိယတ္တိ ဓမ္မသည်၎င်း။ ပဋိဝေဓ ဓမ္မော စ၊ ပဋိဝေဓဓမ္မသည်၎င်း။ ဓမ္မော၊ မည်၏။ တတ္ထ၊ တို့တွင်။ အရိယ သာဝကာ၊ တို့သည်။ ပဋိဝေဓ ဓမ္မံ၊ ထိုးထွင်း၍သိအပ်သောမဂ်ဖိုလ်,နိဗ္ဗာန် ဟူသော ဓမ္မကို။ န မစ္ဆရာယန္တိ၊ ဝန်မတိုကုန်။ အတ္တနာ၊ မိမိသည်။ ပဋိဝိဒ္ဓ ဓမ္မေ၊ ထိုးထွင်း၍ သိအပ်သော မဂ်,ဖိုလ်,နိဗ္ဗာန်ဟူသော ဓမ္မတို့ကို။ သဒေဝ ကဿ၊ သော။ လောကဿ၊ အား။ ပဋိဝေဓံ၊ ကို။ ဣစ္ဆန္တိ၊ ကုန်၏။

အတ္တနာတိ အာဒိနာ မစ္ဆရာယန္တီတိ ပဒဿ အဓိပ္ပါယော၊ ယောဇနာ(၂၁၄-သု)ရှိရကား အတ္တနာလိုသည်။

ပန၊ ဗျတိရိက်ကိုဆိုအံ့။ တံ ပဋိဝေဓံ၊ ကို။ ပရေ၊ သူတပါးတို့သည်။ နဇာနန္တု၊ မသိစေကုန်သတည်း။ ဣတိ၊ သို့။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ ပန၊ အလျှော်။ တန္တိ ဓမ္မေယေဝ၊ ပါဠိဓမ္မ၌သာလျှင်။ ဓမ္မမစ္ဆရိယံနာမ၊ မည်သည်။ ဟောတိ၊ ၏။ တေန၊ ထိုဓမ္မမစ္ဆရိယနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ သည်။

http://www.dhammadownload.com



ဂုဋ္ဌံ၊ လျှို့ဝှက်အပ်သော။ ယံဂန္ထံ ယံပါဠိံဝါ၊ အကြင်ပါဠိတော်ဟူသော ကျမ်းဂန်ကိုရင်း။ ယံ ကထာမဂ္ဂံ ယံအဋ္ဌကထာ ပဗန္ဓံဝါ၊အကြင်အဋ္ဌကထာ အစဉ်ကိုရင်း။ ဇာနာတိ၏။တံ၊ ထိုပါဠိတော်ကျမ်းဂန် အဋ္ဌကထာအစဉ်ကို။ အညံ့တပါးသူကို။ န ဇာနာပေတုကာမော၊ မသိစေလိုသည်။ဟောတိ၊ ဖြစ်၏။ပန၊ဓမ္မမစ္ဆရိယမဖြစ်သည်ကိုဆိုအံ့။ ယော၊အ ကြင်သူသည်။ ပုဂ္ဂလံ၊ကို။ ဥပပရိက္ခိတွာ၊ စူးစမ်းဆင်ခြင်၍။ ဓမ္မာနုဂ္ဂဟေနဝါ၊ ဓမ္မကိုချီးမြှောက်သဖြင့်ရင်း။ ဓမ္မံ၊ ဓမ္မကို။ ဥပပရိက္ခိတွာ၊ ၍။ ပုဂ္ဂလာနုဂ္ဂဟေနဝါ၊ ပုဂ္ဂိုလ်ကို ချီးမြှောက်သဖြင့်ရင်း။ န ဒေတိ၊ မပေး။ အယံ၊ ဤစူးစမ်း၍ မပေးသော သူသည်။ ဓမ္မမစ္ဆရီနာမ၊ မည်သည်။ နဟောတိ၊ မဖြစ်။

တတ္ထ ဒွီသု ပုဂ္ဂလေသုတို့တွင်။ ကေစ္စောအချို့သော။ ပုဂ္ဂလော၊သည်။ လောလော၊ လျှပ်ပေါ်သည်။ဟောတိ၊ ၏။ ကာလေန၊ ရံခါ။ သမဏော၊ ရဟန်းသည်။ ဟောတိ၊ ၏။ ကာလေန၊ရံခါ။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဟောတိ၊၏။ကာလေန၊ရံခါ။နိဂဏ္ဌော၊ နိဂဏ္ဌသည်။ ဟောတိ၊၏။ဟိ၊အထူးကိုဆိုအံ့။ ယောပုဂ္ဂလော၊ သည်။ (နဒေတိ၌စပ်)။အယံ၊ ဤယုတ်သည်။ (ဘိန္ဒိတွာ အာလုဋ္ဋိဿတိ၌စပ်) ပဝေဏိအာဂတံ၊ အစဉ်အဆက်လာသော။ တန္တိံ၊ ပါဠိတော်ကို။သဏှံ၊ နူးညံ့သော။ သုခုမံ၊ သိမ်မွေ့သော။ ဓမ္မန္တရံ၊ ကုသိုလ်စသောတရားထူးကို။ ဘိန္ဒိတွာ၊ ဖျက်၍။ အာလုဋ္ဋိဿတိ အာလောဋ္ဌေဿတိ၊ နှောက်နှက် လတ္တံ့။" ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ နဒေတိ၊ မပေး။ အယံ၊ သည်။ ပုဂ္ဂလံ၊ ကို။ ဥပပရိက္ခိတွာ၊စူးစမ်း၍။ မ္မာနုဂ္ဂဟေန၊ ဖြင့်။နဒေတိနာမ၊ မပေးသောသူမည်၏။ ပန၊တပါး။ ယော၊ သည်။ "အယံ ဓမ္မော၊ဤတရားသည်။ သဏှော၊၏။ သုခုမော၊၏။ အယံပုဂ္ဂလော၊ သည်။ သစေဂဏှိဿတိ၊ အကယ်၍သင်အံ့။ အညံ၊ အရဟတ္တဖိုလ်ကို။ ဗျာကရိတွာ၊ ကြား၍။ အတ္တာနံ၊ ကို။ အာဝိကရိတွာ၊ ထင်စွာပြု၍။ နဿိဿတိ၊ပျက်စီး လတ္တံ့။"။ ဣတိစိန္တေတွာ၊၍။ နဒေတိ၊ မပေး။အယံ၊ဤသို့ကြံ၍မပေးသော သူသည်။ ဓမ္မံ၊ ကို။ ဥပပရိက္ခိတွာ၊၍။ ပုဂ္ဂလာနုဂ္ဂဟေန၊ ဖြင့်။ နဒေတိနာမ၊ မပေးသောသူမည်၏။ ပန၊ဓမ္မမစ္ဆရီမည်သည်ကိုဆိုအံ့။ ယော၊သည်။ "အယံ၊ သည်။ ဣမံဓမ္မံ ကို။သစေဂဏှိဿတိ၊ အကယ်၍သင်လတ္တံ့။ အမှာကံ၊တို့၏။ သမယံ၊အယူကို။ ဘိန္ဒိတုံ၊ဖျက်ခြင်းငှါ။သမတ္ထော၊စွမ်းနိုင်သည်။ ဘဝိဿတိ၊

http://www.dhammadownload.com



ဖြစ်လတ္တံ့"။ ဣတိစိန္တေတွာ၊ ၍။ နဒေတိ၊ မပေး။ အယံ၊ သည်။ ဓမ္မမစ္ဆရိ နာမ၊ မည်သည်။ဟောတိ၊ဖြစ်၏။

ပဥ္စသု၊ ကုန်သော။ ဧတေသု မစ္ဆရိယေသု၊ တို့တွင်။ တာဝ၊စွာ။ အာဝါသ မစ္ဆရိယေန၊ ဖြင့်။ ယက္ခောဝါ၊ ဘီလူးသည်ရင်း။ ပေတောဝါ၊ ပြိတ္တာသည် ရင်း။ ဟုတွာ၍။ တဿေဝ အာဝါသဿ၊ ၏သာလျှင်။ သင်္ကာရံ၊ အမှိုက် ချေးကို။ သီသေန၊ဖြင့်။ ဥက္ခိပိတွာ၍။ ဝိစရတိ၊ လှည့်လည်ရ၏။ ကုလမစ္ဆရိ ယေန၊ဖြင့်။တသ္မိံ ကုလေ၊ထိုအမျိုးသည်။အညေသံ၊တို့အား။ဒါနာဒီနိ၊အလှူ ဝသည်တို့ကို။ ကရောန္တေ၊ ပြုသည်တို့ကို။ဒိသွာ၊ ၍။"မမၪ္စ၏။ ဣဒံကုလံ၊ သည်။ ဘိန္နံ၀တ၊ ပျက်စီးပြီတကား"။ ဣတိ၊ဤသို့။ စိန္တယတော၊ ကြံသော သူအား။ လောဟိတံ၊သွေးသည်။ မုခတော၊ ခံတွင်းမှ။ ဥဂ္ဂစ္ဆတိ၊ အန်ထွက် ၏။ ကုစ္ဆိဝိရေစနမ္ပိ၊ ဝမ်းသွေးကျသည်လည်း။ဟောတိ၏။ အန္တာနိပိ၊အူတို့ သည်လည်း။ခဏ္ဍာခဏ္ဍာနိ၊ အပိုင်းအပိုင်း အထုံးအထုံး။ဟုတွာ၍။ နိက္ခမန္တိ၊ ထွက်ကုန်၏။ လာဘမစ္ဆရိယေန၊ ဖြင့်။ သံဃဿဝါ၊ ၏ရင်း။ ဂဏဿဝါ၊ ၏ရင်း။ သန္တကေ၊ ဥစ္စာဖြစ်သော။ လာဘေ၊လာဘ်၌။ မစ္ဆရာယိတွာ၊ ၍။ ပုဂ္ဂလိက ပရိဘောဂံဝိယ၊ ပုဂ္ဂလိက အသုံးအဆောင်ကဲ့သို့။ ပရိဘုဉ္စိတွာ၊ သုံးဆောင်၍။ ယက္ခောဝါ၊ သည်ရင်း။ ပေတောဝါ၊သည်ရင်း။ အဇဂရော ဝါ၊ စပါးကြီးမြွေသည်ရင်း။ဟုတွာ၊ဖြစ်၍။နိဗ္ဗတ္တတိ၏။တနည်း။ ယက္ခော- ယက္ခဿဝါ၊ ၏ရင်း။ပေတော-ပေတဿဝါ၊ ၏ရင်း။ အဇဂရော-အဇဂရဿ ဝါ၊ ၏ရင်း။ ဟုတွာဘာဝေန၊ အဖြစ်ဖြင့်။ ဝါ-ဟုတ္တာ၊ ဖြစ်သည်ရှိသော်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။

ဤဖယောဇနာကား။

ဘာဝလက္ခဏ ဟေတွတ္တာ၊ တွန္တာဒိနံ ယထာရဟံ။
သတ္တော ဟုတွာန နိဗ္ဗတ္တိ၊ ပဋ္ဌေနော ဝသတီတိစ။
ဝိန္ဒိ ပဋိစ္စ ဘာဝတ္ထံ၊ ဆဋ္ဌျ ယတ္တော ပဋ္ဌမာထဝါ။
နပ္ပဋ္ဌာန မပေက္ခာယ၊ သဒ္ဒါရော နယတေ ကဒါ။

ဟူသော ဓာဒစိန္တာ (၃၀၉-၉၀)ကိုမှီသည်။

သတ္တော-သတ္တဿ၊ သိကြား၏။ ဟုတွာဘာဝေန၊ အဖြစ်ဖြင့်။ ဝါ၊ဟုတွာန၊ ဖြစ်သည်ရှိသော်။ နိဗ္ဗတ္တိ၊ ဖြစ်ရာ၏။ ပဋ္ဌေနော၊ ရွှတ်လိုသည်ရှိသော်။ ဝါ။ ရွှတ်လို သောကြောင့်။ ဝသတိ၊နေ၏။ ဣတိ-ဣမေသု ပယောဂေသု၊ ဤပြယုဂ်တို့၌

http://www.dhammadownload.com



ကား။ ယထာရုတံ၊ စွာ။ တန္တာဒီနံ၊ တွာပစ္စည်း အန္တပစ္စည်း အစရှိသည်တို့၏။ ဘာဝလက္ခဏ ပေတတ္တာ၊ ဘာဝလက္ခဏအနက် ဟိတ်အနတ်တို့ကို။ ဥေပ္ပယျာ၊ သိအပ်ကုန်၏။

ဒွိန္နံ၊ ဟုတွာန နိဗ္ဗတ္တိဟူသော နှစ်ပုဒ်တို့၏။ ဘာဝတ္တံ၊ ဘာဝသာဓနေ၏ အဖြစ်ကို။ ပဋိစ္စ၊ စွဲ၍။ ဆဋ္ဌျတ္ထေ၊ ဆဋ္ဌီအနက်၌။ ပဌမာ၊ သည်။ ဟောတိ၊ ၏။ အထဝါ၊တနည်းကား။ ကေဒါ၊ရံခါ။ အပဋ္ဌာနံ၊ဟုတွာနဟူသော အပဋ္ဌာန ကြိယာကို။ အပေက္ခာယ၊ ငဲ့၍။ ကတော၊ ပြုအပ်သော။ သန်ါရော၊ သဋ္ဌောဟူသော ပဌမန္တကာရိယသည်။ ပဋ္ဌာနေ၊ နိဗ္ဗတ္တိဟူသော ပဋ္ဌာနကြိယာကို။ အပေက္ခိယ မာနေပိ၊ ငဲ့သော်လည်း။ နနသဿတော၊ မပျက်စီး။

ပန၊ တပါး။ သရီရဝဏ္ဏ ဂုဏာဝဏ္ဏမစ္ဆရေန၊ ဖြင့်ရင်း။ ပရိယတ္တိဓမ္မမစ္ဆရေနစ၊ ဖြင့်ရင်း။ အတ္တနော၀၊ မိမိ၏သာလျှင်။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဝဏ္ဏေတိ၊ ချီးမွမ်း၏။ ပရေသံ၊ တို့၏။ ဝဏ္ဏံ၊ကို။ န ဝဏ္ဏေတိ၊ မချီးမွမ်း။ "သော၊ဤသူသည်။ ကိံ ဝဏ္ဏော၊ အဘယ်ကျေးဇူးရှိသနည်း"။

ဝဏ္ဏနဿ။ ။ကော ဝဏ္ဏော အဿာတိ ကိံ ဝဏ္ဏော ။ ပြု။

ဣတိ၊ ဤသို့။ တံတံဒေါသံ၊ ထိုထိုအပြစ်ကို။ ဝဒန္တော၀၊ ဆိုသည်ဖြစ်၍ရင်း။ ပရိယတ္တိဓမ္မံ၊ ကို။ ကဿစိ၊ တစုံတယောက်သောသူအား။ ကိဉ္စိ၊ တစုံတခုသော ပရိယတ္တိဓမ္မကို။ အဒဒန္တော၀၊ မပေးသည်ဖြစ်၍ရင်း။ ဒုဗ္ဗဏ္ဏော စေ၀၊ အဆင်းမလှသည်ရင်း။ ဠေမူဂေါစ၊ အရိအရည်ယိုသော ခံတွင်းရှိသည်ရင်း။ ဟောတိ၊ ဖြစ်တတ်၏။ ။(ခ-ကို ဂ-ပြုသည်)။

အပိစ–အပရောနယော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊၏။ အာဝါသမစ္ဆရိယေန၊ဖြင့်။ လောဟဂေဟေ၊သံအိမ်၌။ ပစ္စတိ၊ကျက်ရ၏။ ကုလမစ္ဆရိယေန၊ ဖြင့်။ အပ္ပလာဘော၊ နည်းသော လာဘ်ရှိသည်။ ဟောတိ၊၏။ လာဘမစ္ဆရိယေန၊ဖြင့်။ ဂူထနိရယေ၊ ဘင်ပုပ်ငရဲ၌။ နိဗ္ဗတ္တတိ၊ဖြစ်ရ၏။ ဝဏ္ဏမစ္ဆရိယေန၊ ဖြင့်။ ဘဝေဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ နိဗ္ဗတ္တဿ၊ ဖြစ်သော သူအား။ ဝဏ္ဏောနာမ၊ သရီရဝဏ္ဏဂုဏာဝဏ္ဏ မည်သည်။ န ဟောတိ၊ မဖြစ်။ ဓမ္မမစ္ဆရိယေန၊ ဖြင့်။ ကုက္ကုဠနိရယေ၊ ပြာပူငရဲ၌။ နိဗ္ဗတ္တတိ၊ဖြစ်ရ၏။ ဣတိ၊ဤသည်လျှင် စကားတရပ် အပြီးတည်း။

---

၁။ ယောဇနာ ၂၁၄-သု။

http://www.dhammadownload.com



ကုဏ္ဍုဌ္ဌေ၁ တုဏ္ဍာသဿသို၊ မင်္ဂါရော လာတမုမ္ဗုကံ။

ကုဏ္ဍု ဌေ္ဌာဟု အဘိဓာန် (သဂ္ဂကဏ္ဍ-၃၆) ၌ ဋ္ဌကြီးရှိသည်။ ''လဋ္ဌာန မပိသေသော''ဟူရကား အထူးမရှိ။

မစ္ဆရာယ ဝသေန၊ဝန်တိုခြင်း၏ ပြုသည်၏ အစွမ်းဖြင့်။ မစ္ဆေရံ၊ မည်၏။ (အဒီဃရောက်သည်)။ မစ္ဆရာယနာကာရော၊ ဝန်တိုခြင်းကို ပြုတတ်သော အမူအရာကြိယာသည်။ မစ္ဆရာယနာ၊ မည်၏။ မစ္ဆရေန၊ ဝန်တိုသော အမူအရာဖြင့်။ အယိတဿ၊ဖြစ်တတ်သော။ မစ္ဆေရသမင်္ဂိနော၊ မစ္ဆေရနှင့်ပြည့်စုံသောပုဂ္ဂိုလ်၏။ ဘာဝေါ၊ အဖြစ်တည်း။ မစ္ဆရာယိတတ္တံ၊ အဖြစ်။ အယံ သမ္ပတ္တိ၊ဤစည်းစိမ်သည်။ (ထည့်)။ မယှမေဝ၊ငါ့အားသာလျှင်။ ဟောတု၊ ဖြစ်စေ။ အညဿ၊ အား၊ မာဟောတု၊ စေလင့်။ ဣတိ၊ ဤသို့။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ အတ္တနော၊ ၏။ သမ္ပတ္တိယော၊ စည်းစိမ်တို့ကို။ ဗျာပေတုံ၊ပျံ့နှံ့စေခြင်းငှာ။ န ဣစ္ဆတိ၊အလိုမရှိတတ်။ ဣတိတသ္မာ၊ကြောင့်။ ဝိဝိစ္ဆေ၁၊ မည်၏။ ဝိဝိစ္ဆဿ၊ ပျံ့နှံ့စေခြင်းငှာ အလိုမရှိသောသူ၏။ ဘာဝေါ၊ အဖြစ်တည်း။ ဝေဝစ္ဆံ၊ အဖြစ်။

**မူလဋီကာ။** ။ဗျာပိတု မနိစ္ဆောတိ ဝိဝိစ္ဆော၊ တဿဘာဝေါ ဝေဝိစ္ဆံ၊ ။ ၁၇၂-ဆ။

**ဝစနတ္ထ။** ။ဗျာပိတုံ ဣစ္ဆတီတိ ဝိစ္ဆော။ န ဝိစ္ဆော ဝိဝိစ္ဆော-ပြုစေလိုသည်။ ပဌမ ဝိကား ပဋိသေဓ၊ ဒုတိယ ဝိကား ဗျာပနကို ဟောသည် ဟူလိုသည်။

ဧတံ၊ ဤဝေဝိစ္ဆဟူသော အမည်သည်။ မုဒုမစ္ဆရိယဿ၊ နုနု ဝန်တိုခြင်း၏။ နာမံ၊ အမည်တည်း။ အနာဒရော၊ ဝန်တိုသဖြင့် ပေးကမ်းခြင်း၌ ရိုသေခြင်းကင်းသသူကို။ ကဒရိယော၊ ၍။ ဝုစ္စတိ၊ ၏။

**မူလဋီကာ။** ။အနာဒရောတိ မစ္ဆရိယေန ဒါနေ အာဒရရဟိတော။ ။၁၇၂-ဆ။

ကဒရိယောကို အနာဒရောဖွင့်သည်ကား ပရိယာယ်ဖွင့်တည်း။ ဝစနတ္ထပြုမဟုတ်။ ထိုကြောင့် ကဒရိယော အနာဒရောဟု ဂါထာ၌ နှစ်ပုဒ်ပါသတည်း။

**ဝစနတ္ထကား**-ကုစ္ဆိတော အရိယော သဏ္ဍော ကဒရိယော-မူ။ဤ၌ အရိယသည် သဏ္ဍပရိယာယ်ဟူ ဆုတ်ငိုကာ၌ဆိုသည်။ ကုအပေတော အာဒရော အဿာတိ ကဒရော။ ကဒရဿ ဘာဝေါ ကဒရိယံ"ဟု ဂါတ္တိဆရာ ဝိဗြိုဟ်လှစ်တော်မူ

၁။ ကုစ္ဆိတံဒ္ဓာနံ အရတီတိ ဝါ ကဒရိယော၊ ဤအလို ကုပုဒ္ဓ အရ ဂမနေဟု စာတ်နက် ကြား၊ ဣယ ပစ္စည်းသက်၊ ကု ကို ကဒ်ပြု။

http://www.dhammadownload.com



သည်ကား ၎င်းကာနှင့်ညီစွာဟု ဝဏ္ဏိဆို၏။ ကြိုက်ရာမှတ်။ ငါကား ကဒရော ဝုစ္စတိ အနာဒရော,မဆို။ ကဒရိယော ဆိုရကား မနှစ်သက်လွန်း။

တဿ၊ထိုစက်ဆုပ်အပ်သောသတ္တဝါ၏။ ဘာဝေါ၊တည်း။ ကဒရိယံ၊အဖြစ်။

**အနုသန္ဓေ။** ။မုဒုက် ဟိ မစ္ဆရိယံ မစ္ဆရိယန္တိ ဝုစ္စတိ ထဒ္ဓံ ကဒရိယံနာမ,ဟူရကား ထဒ္ဓ မစ္ဆရိယသောတံ နာမံ၊ မိန္ဒိသော်....။

တော်၊ ဤကဒရိယဟူသော အမည်သည်။ ထဒ္ဓမစ္ဆရိယသည်၊ ကြမ်းကြမ်းဝန်တိုခြင်း၏။ နာမံ၊ အမည်တည်း။ ဟိ-သစ္စံ၊ မှန်၏။တေနမစ္ဆရိယေန၊ ထိုကြမ်းကြမ်း ဝန်တိုခြင်းနှင့်။ သမန္နာဂတော၊ပြည့်စုံသော။ပုဂ္ဂလော၊သည်။ပရေသံ၊ သူတပါးတို့အား။ ဒဒမာနံ၊ ပေးလှူသော။ ပရမ္ပိ၊သူတပါးကိုလည်း။ နိဝါရေတိ၊မြစ်တတ်၏။စ-သစ္စံ၏။"ကဒရိယော။ပ။ဘောဇနံ"န္တိ၊ဟူသော။တော် ဝစနံ၊ကို။ ဝုတ္တမ္ပိ၊ ဟောလည်း ဟောအပ်၏။

**ဂါထာအနက်။** ။ကဒရိယော၊ စက်ဆုပ်ဘွယ် သတ္တဝါဖြစ်သော။ ပါပသင်္ကပ္ပေါ၊ ယုတ်မာသောအကြံရှိသော။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူရှိသော။ အနာဒရော၊ ပေးကမ်းခြင်းကင်းသော။ နရော၊ လူသည်။ (ထည့်)။ ယာစမာနာနံ၊ တောင်းရမ်းသောသူတို့အား။ဘောဇနံ၊ကို။ ဒဒမာနံ၊ ပေးစွန့်သည်ကို။ နိဝါရေတိ၊မြစ်တတ်၏။

ယာစမာနာနန္တိ ဝတ္ထမွေ နိဂ္ဂဟိတလောပံ ကတွာ ယာစမာနဘောဇနန္တိဝုတ္တံ[၁]။

ယာစကေ၊ တောင်းရမ်းသောသူတို့ကို။ ဒိသွာ၊မြင်၍။ ကဋုကဘာဝေန၊ အမှိုက်ဝင်သကဲ့သို့မျက်စိစပ်သည်၏အဖြစ်ဖြင့်။စိတ္တံ၊စိတ်ကို။ အဥ္စတိ သင်္ကော စေတိ၊ တွန့်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ကဋုကဥ္စုကော၊ မည်၏။

**အဓိပ္ပါယ်ကား။** ။ကဋုကသဒ္ဒါသည် တေနမွော ကဋုကပ္ပလော၌ အခါးကို ဟောသည်။ ထိုကြောင့် "ခါးတောက်မြစ်ရှက်၊ စိုက်ရောဆက်သည်၊ သရက်ပင်ခင်း၊သီးချိုကင်းသည်"ဟုရှေးသူဟောင်းတို့ဆိုသည်။ထိုကဋုကသ၌ အစပ်ကို ဟောသည်။ ဤ၌ ဒိသွာ,ဟူသောရှေးပါဌ်ကို ထောက်၍ မျက်စိစပ်သည်၏ အဖြစ်ဖြင့်ဟူသောအနက်ကိုဆိုသည်။

တဿ'မျက်စိစပ်သည်၏ အဖြစ်ဖြင့် စိတ်ကိုတွန့်စေတတ်သောသူ၏။ဘာဝေါ၊ တည်း။ ကဋုကဥ္စုကတာ၊ အဖြစ်။

---

၁။ ယောဇနာ ၂၀၄-သု။

http://www.dhammadownload.com



**ခါ တုဝိနိ န္တ ယ**။ ။အဠုံခါတ်မဟုတ် အဋ္ဌခါတ်။အခြားအရာ၌ ကဋ္ဌုကဏ္ဍုကတာ ရှိသည်ကားအဠုံခါတ်ကိုရည်သည်။

အပရောနယော၊ ကို။မယာ၊ သည်။ ဝုတ္တတော၊အံ့။ ကဋ္ဌစ္ဆုဂါဟော၊ကောက် သော ယောက်မဖြင့် ဆွမ်းကိုကော်ယူခြင်းကို။ဝါ၊ ဆွမ်းကိုကော်ယူကြောင်း ဖြစ်သောကောက်သောယောက်မကို။ကဋ္ဌုကဋ္ဌကတာ၊ဟူ၍။ ဝုတ္တဘိ၊၏။ ဟိ- တံပါကဋ္ဌံကရောမိ၊အံ့။ သမတိတ္တိကပုဏ္ဏာယ၊အနားရေးနှင့်အမျှပြည့်သော။ ဥက္ခလိယာ၊ထမင်းအိုး၌။ ဘတ္တံ၊ ကို။ ဂဏှန္တော၊ ယူသည်။ သဗ္ဗတော ဘာဂေန၊ ထက်ဝန်းကျင် အဘို့ဖြင့်။ သကိုဋ္ဌိတေန၊ ကောက်သော။ "သကုံ စိတေနာတိပိ" အဂ္ဂကဋ္ဌစ္ဆုနာ၊ ယောက်မဖျားဖြင့်။ "အဂ္ဂကဋ္ဌစ္ဆုနာ တိပိ"ဂဏှာတိ၊၏။ ပူရေတွာ၊ပြည့်စေ၍။ ဂဟေတုံ၊ ယူခြင်းငှါ။ နသက္ကော တိ၊ မတတ်နိုင်။ ဧဝံ၊ တူ။ မစ္ဆရိယပုဂ္ဂလဿ၊ ဝန်တိုသောပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ သကိုစတိ၊တွန့်တို၏။ တသ္မိံ၊ထိုစိတ်သည်။သကိုစိတေ၊ တွန့်သည် ရှိသော်။ ကာယောပိ၊ကိုယ်သည်လည်း။တထေဝ၊ထိုအတူသည်လျှင်။ သကို စတိ ပဋိကုဋ္ဋတိ၊ တွန့်၏။ ပဋိနိဝတ္တတိ၊ နောက်သို့ ဆုတ်နစ်၏။ နသမ္ပသာရိ ယတိ၊ မပြန့်။ ဣတိတသ္မာ၊ ထိုကြောင့်။ မစ္ဆေရံ၊ကို။"ကဋ္ဌုကဋ္ဌကတာ"တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

**မူလဋီကာ**။ ။ကဋ္ဌစ္ဆုနာ ဂါဟော ဘတ္တဿ ကဋ္ဌစ္ဆုဂါဟော၊ကဋ္ဌစ္ဆုဂါဟော ဝိယ ကဋ္ဌစ္ဆုဂါဟော။ ယထာဟိ ကဋ္ဌစ္ဆုဂါဟော ယထာ ဝုတ္တေ ဘတ္တေ နသံပသာရိယတိ၊ ဧဝံ မစ္ဆရိယံပိ အာဝါသာဒိသုတိ၊ ဂယှတိဧတေနာတိဝါ ဂါဟော၊ ကဋ္ဌစ္ဆု ဧဝဂါဟောကဋ္ဌစ္ဆုဂါဟော။ သော ယထာသကိုဋိတဂ္ဂေါ နသံပသာရိယတိ။ ဧဝံ မစ္ဆရိယံ ပီတိ။ ။၁၇၂-ဆ။

**ဋီကာအနက်**။ ။ဘတ္တဿ၊ ထမင်းကို။ ကဋ္ဌစ္ဆုနာ၊ဖြင့်။ ဂါဟော၊ယူခြင်းတည်း။ ကဋ္ဌစ္ဆုဂါဟော၊ထမင်းကိုယောက်မဖြင့်ယူခြင်း။ ကဋ္ဌစ္ဆုဂါဟောဝိယ၊ထမင်း ကိုယောက်မဖြင့် ယူခြင်းနှင့် တူသည်တည်း။ ကဋ္ဌစ္ဆု ဂါဟော၊ တည်း။ ဟိ-တံပါကဋ္ဌံကရောမိ၊ အံ့။ ကဋ္ဌစ္ဆုဂါဟော၊ သည်။ ယထာဝုတ္တေ၊သော။ ဘတ္တေ၊ ၌။ နသံပသာရိယတိယထာ၊မပြန့်သကဲ့သို့။ဝါ၊ မပြန့်စေအပ်သကဲ့သို့။ ဧဝံ၊ တူ။ မစ္ဆရိယံပိ၊ သည်လည်း။ အာဝါသာဒိသုပိ၊ တို့၌လည်း။ နသံပသာရိ ယတိ၊ မပြန့်။ ဝါ၊ မပြန့်စေအပ်။ဣတိ၊ ဤသို့မှတ်အပ်၏။ ဝါ၊ ကား။ ဧတေန၊ ထိုယောက်မဖြင့်။ ဂယှတိ၊ ယူအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဂါဟော၊ မည်၏။ ကဋ္ဌစ္ဆု၊ဧဝ၊ သည်သာလျှင်။ ဂါဟော၊ ယူကြောင်းတည်း။ ကဋ္ဌစ္ဆုဂါ ဟော၊ ယူကြောင်း။ သော၊ ထိုယောက်မဟု ဆိုအပ်သော ယူကြောင်းကောက်၊

သက်ဋ္ဌိကဋ္ဌေါ၊ ကောက်သော အဖျားရှိသည်ဖြစ်၍။ နသံပသာရိယတိ ယထာ ကွဲ့သို့။ ဓေါ်၊ ထူ။ မဇ္ဈရိယံပိ၊ သည်လည်း။ နသံပသာရိယတိ၊ မပြန့်။ ဧတိ၊ ဤသို့ သိအပ်၏။

အဂ္ဂဟိတတ္တံ စိတ္တဿာတိ၊ကား။ ပရေသံ၊ တို့အား။ ဥပကာရကရဏေ ကျေးဇူးပြုခြင်း၌။ ဒါနာဒိနာ၊ အလှူအစရှိသော။ အာကာရေန၊ အခြင်း အရာဖြင့်။ ယထာ၊အကြင် အခြင်းဖြင့်။ နသမ္ပသာရိယတိ၊မပြန့်။ ဧဝံတလာ ထိုအခြင်းဖြင့်။ စိတ္တဿ၊ စိတ်၏။ အာဝရိတ္ဝာ၊ ပိတ်ပင်၍။ ဂဟိတဘာဝေါ ယူအပ်သည်၏ အဖြစ်တည်း။

ဤအလိုသော် အာဝရဏတ္တ အာသဒ္ဒါ၏ရဿ၊ ဂ-၏ ဒွေဘော်ကို ပြုသည်။

ပန၊ ထိုမှတပါး။ ယသ္မာ၊ကြောင့်။မစ္ဆရိပုဂ္ဂလော၊သည်။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို။ ပရေသံ၊ သူတပါးတို့အား။ အဒါတုကာမော၊ သည်။ ဟောတိ၊ဖြစ်၏။ပရသန္တကံ၊ကို။ဂဏှိတုကာမော၊သည်။ ဟောတိ၊၏။တသ္မာ၊ ထိုကြောင့်။ "ဣဒံအစ္ဆရိယံ၊သည်။ မယှမေဝ၊ ငါ့အားသာလျှင်။ ဟောတု၊ ဖြစ်ပစေ။အညဿ၊ အား။မာဟောတု၊ မဖြစ်စေလင့်"။ ဣတိ၊ဤသို့။ ပဝတ္တိဝသေန၊ ဖြင့်။ အဿမစ္ဆရိယဿ၊ ၏။ အတ္တသမ္ပတ္တိနံ၊ မိမိစည်းစိမ်တို့ကို။နိဂူဟနလက္ခဏတာဝါ၊ လျှို့ဝှက်ခြင်း လက္ခဏာရှိသည်၏ အဖြစ်ကိုရင်း။ အတ္တသမ္ပတ္တိဂဟဏ လက္ခဏတာဝါ၊ မိမိစည်းစိမ်ကို ကိုင်ခြင်း လက္ခဏာရှိသည်၏ အဖြစ်ကိုရင်း။ ဝေဒိတဗ္ဗာ၊ သိအပ်၏။တေသံ၊သည်။ ဣမသ္မိံ ဂေါစ္ဆကေ၌။ ဥတ္တာနတ္ထမေဝ၊ တည်း။

ပန၊ ထိုမှတပါး။ဣမာနိသံယောဇနာနိ၊တို့ကို။ကိလေသာ ပဋိပါဋိယာပိ၊ ဖြင့်လည်း။ အာဟရိတုံ၊ ငှာ။ ဝဋ္ဋတိ၏။ မဂ္ဂပဋိပါဋိယာပိ၊ ဖြင့်လည်း။ အာဟရိတုံ၊ ငှာ။ဝဋ္ဋတိ၊ ၏။ ကိလေသာ ပဋိပါဋိယာ၊ဖြင့်။ ကာမရာဂ ပဋိဃ သံယောဇနာနိ၊ တို့ကို။ အနာဂါမိမဂ္ဂေန၊ ဖြင့်။ ပဟီယန္တိ၊ ကုန်၏။ မာန သံယောဇနံ၊ ကို။ အရဟတ္တမဂ္ဂေန၊ဖြင့်။ ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသာ၊ တို့ကို။သောတာပတ္တိမဂ္ဂေန၊ဖြင့်။ ဘဝရာဂသံယောဇနံ၊ကို။အရဟတ္တမဂ္ဂေန၊ ဖြင့်။ ဣဿာမစ္ဆရိယာနိ၊ တို့ကို။ သောတာပတ္တိမဂ္ဂေန၊ ဖြင့်။ အဝိဇ္ဇာ၊ကို။ အရဟတ္တမဂ္ဂေန၊ ဖြင့်။ ပဟီယန္တိ၊ကုန်၏။ မဂ္ဂပဋိပါဋိယာ၊ဖြင့်။ ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသာ ဣဿာမစ္ဆရိယာနိ၊ တို့ကို။ သောတာပတ္တိမဂ္ဂေန၊ ဖြင့်။

ဇနဿာသယ (က) ၁၂၉-၁၂

http://www.dhammadownload.com



ပဟိယန္တိ၊ကုန်၏။ ကာမရာဂပဋိဃာ၊တို့ကို။ အနာဂါမိမဂ္ဂေန၊ဖြင့်။မာနဘဝရာဂအဝိဇ္ဇာ၊ တို့ကို။ အရဟတ္တမဂ္ဂေန၊ဖြင့်။ ပဟီယန္တိ၊ ကုန်၏။

၁၁၄၀။ ဂန္ထဂေါစ္ဆကေ၊၌။ နာမကာယံ၊ကို။ စုတိပဋိသန္ဓိဝသေန၊စုတ် ပဋိသန္ဓေ၏ အစွမ်းဖြင့်။ ဝဋ္ဋသ္မိံ၊ ၌။ ဂန္ထတီတိ ဃဋေတိ၊ စပ်တတ်၏။ ဣတိ တသ္မာ၊ထိုကြောင့်။ကာယဂန္ထော၊မည်၏။ သဗ္ဗညုဘာသိတမ္ပိ၊သဗ္ဗညုမြတ်စွာ ဘုရားသည် ဟောတော်မူအပ်သော တရားတော်ကိုလည်း။ ပဋိက္ခိပိတွာ၊ ပယ်၍။ လောကော၊ခန္ဓာပဉ္စကဟုဆိုအပ်သော လောကသည်။ သဿတော၊ မြဲ၏။ဣဒမေဝ၊ဤငါ၏အယူသည်သာလျှင်။ သစ္စံ၊ မှန်၏။ အညံ၊ သူတပါး အယူသည်။ မောဃံ၊ အချည်းနှီးတည်း။ ဣတိဣမိနာ အာကာရေန၊ ဖြင့်။ အဘိနိဝိသတိ၊ မှားသောအားဖြင့် နှလုံးသွင်းတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဣဒံသစ္စာဘိ နိဝေသော၊ မည်၏။ ယသ္မာပန၊ ကား။ အဘိဇ္ဈာကာမရာဂါနံ၊ တို့၏။ ဝိသေသော၊ သည်။ အတ္ထိ၊ရှိ၏။ တသ္မာ၊ ထိုကြောင့်။ အဘိဇ္ဈာကာယဂန္ထဿ၊၏။ ပဒဘာဇနေ၊၌။"ယောကာမေသု။ပ။ ရာဂေါ" တိ၊ ဟူ၍။ အဝတွာ၊ မဟောမူ၍။ "ယောရာဂေါ သာရာဂေါ"တိ အာဒိ၊ ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ ဣမိနာ၊ ဤယောရာဂေါ သာရာဂေါ စသော စကားဖြင့်။ ဟေဋ္ဌာ၊ ၌။ "ဗြဟ္မာနံ။ပ။ ဟောတီ"တိ၊ ဟူသော။ ယံဝစနံ၊ကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တံဝစနံ၊ သည်။ သုဝုတ္တံ၊ ဆန့်ကျင်ဘက်သူ ဖျက်၍မရ လှလှဆိုမိသော စကားတည်း။ ဣတိ–သန္နိဋ္ဌာနံ၊ ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ပရတော၊၌။ ကိလေသ ဂေါစ္ဆကေပိ၊ ၌လည်း။ ဧသေဝနယော၊ ကိုသာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဠပေတွာ သီလဗ္ဗတပရာမာသန္တိ ဣဒံ၊ ကို။ ယသ္မာ၊ ကြောင့်။ သီလဗ္ဗတပရာမာသော၊ သည်။ဣဒမေဝသစ္စန္တိ အာဒိ နာ၊သော။ အာကာရေန၊ ဖြင့်။ နအဘိနိဝိသတိ၊ မှားသောအားဖြင့် နှလုံး သွင်းသည်မဟုတ်။ ပန၊ အလျော်ကိုဆိုအံ့။ သီလေန သုဒ္ဓိတိအာဒိနာဝေ၊ ဤသို့ အစရှိသည်ဖြင့်သာလျှင်။ အဘိနိဝိသတိ၊ မှားသောအားဖြင့် နှလုံး သွင်းတတ်၏။ တသ္မာ၊ ကြောင့်။ မိစ္ဆာဒိဋ္ဌိဘူတမ္ပိ၊ မိစ္ဆာဒိဋ္ဌိဖြစ်၍ဖြစ်သော်လည်း။ တံ၊ ထိုသီလဗ္ဗတပရာမာသကို။ပဋိက္ခိပန္တော၊ ပယ်တော်မူလိုသည်ဖြစ်၍။ "ဌပေတွာ"တိ၊ ဟူ၍။ ဘဂဝါ၊သည်။ အာဟ၊ ၏။

52 B

http://www.dhammadownload.com



၁၁၆၂။ နိဝရဏဂေါစ္ဆကဿ၊ ၏။ ထိနမိဒ္ဓနိဒ္ဒေသေ၊ ၌။ **စိတ္တဿအကလ္လတာတိ၊** ကား။ စိတ္တဿ၊ ၏။ ဂိလာနဘာဝေါ၊ နာသည်၏ အဖြစ်တည်း။ **ဟိ**· သစ္စံ၊မှန်၏။ ဂိလာနော၊ နာသောသူကို။ အကလ္လကောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဝိနယေပိ၊ ၌လည်း။ "နာဟံဘန္တေ အကလ္လကော"တိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ **အကမ္မညတာတိ၊** ကား။ စိတ္တဂေလည သၞါတောဝ၊စိတ်၏နာသည်၏အဖြစ်ဟုဆိုအပ်သည်သာလျှင်ဖြစ်သော။ အကမ္မညတာကာရော၊ စိတ်၏အမှု၌ မခံ့သည်၏အဖြစ် ဟူသော အမူအရာတည်း။ **ဩလီယနာတိ၊** ကား။ ဩလီယနာကာရော၊အောက်ဆွဲသော အခြင်းအရာတည်း။ **ဟိ**–သစ္စံ၊မှန်၏။ဣရိယာပထိကစိတ္တံ၊ ဣရိယာပုထ်ကို ခိုင်ခံ့စေတတ်သော ငါးဆွဲ ရှစ်ပါးသော စိတ်သည်။ ဣရိယာပထံကို။ သန္ဓာရေတုံ၊ ခိုင်ခံ့စေခြင်းငှာ။ အသက္ကောန္တံ၊ မတတ်နိုင်သည်ဖြစ်၍။ ရုက္ခေ၊ သစ်ပင်၌။ဝဂ္ဂုလိဝိယ၊လင်းနို့ကဲ့သို့ငင်း။ခိလေး တန်သင်း၌။ လဂ္ဂိတမာဏိဘာ ါရဏော ဝိယာစ၊ ဆွဲအပ်သော တင်လဲအိုးကဲ့သို့ ငင်း။ ဩလီယတိ၊ အောက်သို့ တွဲလွဲဆွဲ၏။

အမှာစကားရှိ။ ။ယခင်ပါဌ်၌ ငါးဆွဲရှစ်ပါးရှိလျှင်းမူလည်း အသက္ကောန္တံ ဟူသော သဒ္ဒန္တရိက်ရှိရကား ထိနမိဒ္ဓသမ္ပယုတ်ကိုသာယူ။

တဿစိတ္တဿ၊ ၏။ တံအာကာရံကို။ သန္ဓာယ၊ ရည်၍။ "ဩလီယနာ"တိ ဟူ၍။ ဝုတ္တံ၏။ ဒုတိယပဒံကို။ ဥပသဂ္ဂဝသေန၊ဖြင့်။ ဝဍ္ဎိတံ၊ပွားစေအပ်၏။ **လီနန္တိ၊** ကား။ အဝိပ္ဖါရိကတာယ၊ မပြန့်သည်၏ အဖြစ်ဖြင့်။ ပတိကုဋိတံ တွန့်၏။ ဣတရေ၊ ကုန်သော။ ဒွေ၊ တို့သည်။ အာကာရဘာဝနိဒ္ဒေသာ တို့သည်။ ထိနန္တိ၊ ကား။ သပ္ပိပိဏ္ဍောဝိယ၊ ထောပတ်စိုင်ကဲ့သို့။ အဝိပ္ဖါရိကတာယ၊ မပြန့်သည်၏ အဖြစ်ဖြင့်။ ဃနဘာဝေန၊ ခဲမာသည်၏ အဖြစ်ဖြင့်။ ဌိတံ၊ တည်၏။ ထိယနာတိ ဟောသဒ္ဒေါ၊ သည်။ အာကာရနိဒ္ဒေသော၊ တည်း။ ထိယိကာဘာဝေါ၊ ခဲမာသည်၏ အဖြစ်သည်။ **ထိယိတတ္တံ၊** ထိယိတတ္တမည်၏။ စ–သစ္စံ၊မှန်၏။ အပိပ္ဖါရဝသေနေဝ၊ မပြန့်သည်၏ အစွမ်းဖြင့်သာလျှင်။ ထဒ္ဓတာ၊ ခဲမာသည်၏အဖြစ်။ ဣတိအယံ ကား။ အတ္ထော၊ တည်း။

၁၁၆၃။ **ကာယဿာတိ၊** ကား။ ခန္ဓတ္တယသၤါတဿ၊ သော။ နာမကာယဿ၊ ၏။ အကလ္လတာအကမ္မညတာတိ ပဒဒွယံ၊ သည်။ ဟေဋ္ဌာ၊ ၌။ ဝုတ္တ

http://www.dhammadownload.com



နယမေဝ၊ တည်း။ မေဃော၊သည်။ အာကာသံ၊ကို။ ဩနယှတိဝိယ၊ဖုံးလွှမ်း၏သို့။ ကာယံ၊ နာမကာယကို။ ဩနယှတိ၊ ၏။ ဝါ၊ လွှမ်းမိုးတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ **ဩနာဟော၊** မည်၏။ သဗ္ဗတော ဘာဂေန၊ ထက်ဝန်းကျင်အဘို့အားဖြင့်။ ဩနာဟော၊ လွှမ်းမိုးတတ်သည်တည်း။ **ပရိယောနာဟော၊** သည်။ အဗ္ဘန္တရေ၊အတွင်း၌။ သမောရုန္ဓတိ၊ ပိတ်ပင်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ **အန္တောသမောရောဓော၊** မည်၏။

**ပါဠ္ဍ၂ာနုသန္ဓိ။ ။ဝုတ္တမတ္ထံ ဥပမာယ သာဓေန္တော အာဟ"ယထာဟိ"တိအာဒိံ။**

ဟိ-တံပါကဋံ ကရောမိ၊အံ့။ နဂရေ၊မြို့ကို။ ရုန္ဓိတွာ၊ပိတ်၍။ ဂဟိတေ၊ယူအပ်သည်ရှိသော်။ မနုဿာ၊ လူတို့သည်။ ဗဟိ၊ သို့။ နိက္ခမိတုံ၊ ငှာ။ နလဘန္တိ ယထာ၊ မရကုန်၏သို့။ ဧဝံ ဟူ။ မိဒ္ဓေန၊ ဖြင့်။ သမောရုဒ္ဓါ၊ ပိတ်ပင်အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ ဝိပ္ဖါရဝသေန၊ ပြန့်သည်၏ အစွမ်းဖြင့်။ နိက္ခမိတုံ၊ ငှာ။ နလဘန္တိ၊မရကုန်။ တသ္မာ၊ထိုကြောင့်။ "အန္တောသမောရောဓော"တိ၊ အန္တောသမောရောဓောဟူ၍။ ဝုတ္တံ၊ ၏။ မေဓတိ၊ ညှဉ်းဆဲတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ **မိဒ္ဓံ၊** မည်၏။

မေဓာတတ်၏ ဧကို ဣ,ဝိပရိတ်ပြုသည်။ မေဓ-ဟိံ သာယံ သင်္ဂမေဓ ။သဒ္ဒနီတိ။ ၁၀၉-၃၆၇-ဆ။

အကမ္မညဘာဝေန၊ ဖြင့်။ ဝိဟိံသတိ၊ ညှဉ်းဆဲတတ်၏။ ဣတိအယံ၊ ကား။ အတ္ထော၊တည်း။ တေန ဓမ္မဇာတေန၊ ဖြင့်။ သတ္တာ၊တို့သည်။ သုပန္တိ၊ကုန်၏။ ဣတိတသ္မာ၊ကြောင့်။ တံဓမ္မဇာတံ၊သည်။ **သောပ္ပံ၊** မည်၏။ အက္ခိဒလာဒီနံ၊ မျက်တောင်စသည်တို့၏။ ပစလာဘာဝံ၊ ကလှုပ်လှုပ်၏ အဖြစ်ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ **ပစလာယိကာ၊** မည်၏။ **သုပနာ သုပိ** တတ္တန္တိ၊ ဟူကုန်သော။ ဒွေ၊ နှစ်ပုဒ်တို့သည်။ အာကာရဘာဝနိဒ္ဒေသာ၊ တို့တည်း။ **ပန၊ဆက်။** ဧတေသံ၊ ထိုနှစ်ပုဒ်တို့၏။ ပရတော၊ ၌။ ယံသုပ္ပပဒံ၊ သည်။ အတ္ထိ၊ ရှိ၏။ တဿပဒဿ၊ ကို။ ပုန၊ တဖန်။ ဝစနေ၊ ဟောခြင်း၌။ ကာရဏံ၊ အကြောင်းကို။ ဝုတ္တမေဝ၊ တည်း။ ဣဒံဝုစ္စတိ ထိနမိဒ္ဓနီဝရဏန္တိ ကား။ ဣဒံထိနဥ္စ၊ ကိုလည်း။ ဣဒံမိဒ္ဓဥ္စ၊ ကိုလည်း။ ဧကတော၊ တပေါင်းတည်း။

၁။ ယောဇနာ ၂၁၅-သု။

http://www.dhammadownload.com



ကတွာ၊ ၍။ အာဝရဏာဠ္ဌေန၊ ပိတ်ပင်တတ်သော သဘောကြောင့်။ ထိနမိဒ္ဓနီဝရဏန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ယံ၊ အကြင်ထိနမိဒ္ဓနီဝရဏသည်။ ယေဘုယျေန၊ ဖြင့်။ သေက္ခပုထုဇ္ဇနာနံ၊ တို့၏။ နိဒ္ဒါယ၊ အိပ်ခြင်း၏။ ပုဗ္ဗဘာဂအပရဘာဂေသု၊ ရှေ့အဘို့နောက်အဘို့တို့၌။ ဥပ္ပဇ္ဇတိ၊ ၏။ တံ၊ ကို။ အရဟတ္တမဂ္ဂေန၊ ဖြင့်။ သမုစ္ဆိဇ္ဇတိ၊ အကြွင်းမဲ့ဖြတ်အပ်၏။ ပန၊ အထူး။ ခီဏာသဝါနံ၊ တို့၏။ ကရဇကာယဿ၊ ၏။ ဒုဗ္ဗလဘာဝေန၊ အားနည်းသည်၏ အဖြစ်ဖြင့်။ ဘဝင်္ဂေါတ္တရဏံ၊ ဘဝင်သို့ သက်ခြင်းသည်။ ဟောတိ၊ ၏။

**သုတ်မဟာဝါအဋ္ဌကထာ။** ။ကရဇကာယောနာမ စတ္တာရိ မဟာဘူတာနိ ဥပါဒါရူပဉ္စာတိ။ ။၃၅-ဆ။

**မဏိသာရမဉ္ဇူသာဋီကာ ဒီပနီဓိပ္ပါယတ္ထ။** ။ကရောတိ သတ္တေ နိပ္ဖန္နေတီတိ ကရံ၊ သုက္ကသောဏိတံ။ တတ္ထ မာတာပိတူနံ သုက္ကံ။ မာတုယေဝ သောဏိတံ ဒဋ္ဌဗ္ဗံ။ ကရတော ဇာတော ကရဇော၊ သသမ္ဘာရကာယော။ ကာယပသာဒေါတိပိ ဝဒန္တိ။

**ကေကဣရကောသဋီကာ ဓိပ္ပါယတ္ထ။** ။ကော ဝုစ္စတိ သရီရံ၊ တတ္ထ ပဝတ္တော ရဇောတိကရဇော။ ကိန္တံ သုက္ကသောဏိတံ။ တေန ဟေတုဘူတေန သမ္ဘူတော ကာယော ကရဇကာယောတိ အတ္ထော။ ။၄၃၅-သု။

**ယောဇနာ။** ။ကရိယတိ ဂဗ္ဘာသယေ ပက္ခိပိယတီတိ ကရော၊ သုက္ကဝေါ။ ကရတော ဇာတောတိ ကရဇော။ ။၂၁၅-သု။

ဘသ္မိံ၊ ထိုဘဝင်စိတ်သည်။ အသမ္မိဿေဝ၊ ဝီထိစိတ်နှင့်မရောမူ၍ သာလျှင်။ ဝတ္တမာနေ၊ သော်။ တေ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ သုပန္တိ၊ အိပ်ကုန်၏။ သာသုပနာ၊ ထိုအိပ်ခြင်းသည်။ နေသံ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့၏။ နိဒ္ဒါနာမ၊ အိပ်မွေ့သည်မည်သည်။ ဟောတိ၊ ၏။ တေန၊ ထိုကြောင့်။ ဘဂဝါ၊ သည်။ "အဘိဇာနာမိ။ ပ။ သြက္ကမိတာ"တိ၊ ဟူ၍။ အာဟ၊ ၏။ အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿန။ ခေါ ပန၊ စင်စစ်။ အဟံ၊ ငါသည်။ ဂိမှာနံ၊ နွေလတို့၏။ ပစ္ဆိမေ၊ နောက်ဆုံးဖြစ်သော။ မာသေ၊ လ၌။ စတုဂ္ဂုဏံ၊ လေးထပ်သော။ သံဃာဋိံ၊ ဒုကုဋ်ကို။ ပညပေတွာ၊ ခင်း၍။ ဒက္ခိဏေန ပဿေန၊ လကျာနံကောင်းဖြင့်။ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ထက်ဝန်းကျင် အပြားအားဖြင့် သိတတ်သောပညာနှင့် ပြည့်စုံသည်ဖြစ်၍။ နိဒ္ဒံ၊ အိပ်မွေ့ခြင်းသို့။ သြက္ကမိတာ၊ သက်ဘူးပြီဟူ၍။ အဘိဇာနာမိ၊ မှတ်မိ၏။ ပန၊ ဆက်။ ဧဝရူပေါ၊ သော၊

http://www.dhammadownload.com



ကရဇကာယဿ၊ ၏။ အယံဒုဗ္ဗလဘာဝေါ၊ ဤအားနည်းသည်၏ အဖြစ်သည်။ နမဂ္ဂဝဇ္ဈော၊ မဂ်ဖြင့်သတ်အပ်သည်မဟုတ်။ ဥပဒိန္နကေပိ၊ ဥပါဒိန္နကသန္တာန်၌ရှင်း။အနုပါဒိန္နကေပိ၊အနုပါဒိန္နကသန္တာန်၌ရှင်း။ လဗ္ဘတိ၊ ရအပ်၏။ ဥပါဒိန္နကေ၊ ၌။ လဗ္ဘမာနော၊ ရအပ်သည်ရှိသော်။ ယဒါ၊ ၌။ ခီဏာသဝေါ၊သည်။ ဒီဃမဂ္ဂံ၊ရှည်စွာသောခရီးသို့။ ဂတော၊ သွားသည်။ဟောတိ၊ ၏။ ပန၊ တပါး။ ဒုသုဇာရုံ၊ တပါးပါးသော။ ကမ္မံဝါ၊ အမှုကိုမူလည်း။ ကတွာ၊ ပြု၍။ ကိလန္တော၊ ပင်ပန်းသည်။ ဟောတိ၊၏။ ဝေရူပေ၊ သော။ ကာလေ၊ ၌။ လဗ္ဘတိ၊ ရအပ်၏။ အနုပါဒိန္နကေ၊ ၌။ လဗ္ဘမာနော၊ရအပ်သည်ရှိသော်။ ပဏ္ဏပုပ္ဖေသု၊ အရွက်,အပွင့်တို့၌။လဗ္ဘတိ၊ ၏။ဟိ-သစ္စံ၊မှန်၏။ ဧကစ္စာနံ၊ အချို့ကုန်သော။ ရုက္ခာနံ၊ ကုက္ကိုပင်စသည်တို့၏။ပဏ္ဏာနိ၊ အရွက်တို့သည်။ သူရိယာတပေန၊နေပူသဖြင့်။ ပသာရန္တိ၊ ပြန့်ကုန်၏။ ရတ္တိံ၊ညဉ့်၌။ ပဋိကုဋန္တိ၊ တွန့်ကုန်၏။ ပဒုမပုပ္ဖာဒီနိ၊ ပဒုမာကြာပန်းစသည်တို့သည်။ သူရိယာတပေန၊ နေပူသဖြင့်။ ပုပ္ဖန္တိ၊ ပွင့်ကုန်၏။ ပုန၊ တဖန်။ ရတ္တိံ၊ ညဉ့်၌။ ပဋိကုဋန္တိ၊ တွန့်ကုန်၏။ ပန၊ အထူး။ ဣဒံမိဒ္ဓံ၊သည်။ အကုသလတ္တာ၊ ကြောင့်။ ခီဏာသဝါနံ၊ တို့အား။ နဟောတိ၊ မဖြစ်။

တတ္ထ မိဒ္ဓါဝိကာရေ၊ ၌။ "မိဒ္ဓံ၊ သည်။ နအကုသလံ၊ မဟုတ်။ ကသ္မာ၊ ကား။ ရူပတ္တာ၊ ရုပ်၏ အဖြစ်ကြောင့်တည်း။ ဟိ-သစ္စံ၊၏။ ရူပံ၊ရုပ်သည်။ အဗျာကတံ၊ တည်း။ ဣဒဥ္စမိဒ္ဓံ၊ သည်လည်း။ ရူပံ၊ ရုပ်တည်း။တေနေဝ၊ ထိုသို့မိဒ္ဓ၏ ရုပ်မည်သည်၏အဖြစ်ကြောင့်သာလျှင်။ တွေ၊ ဤထိနမိဒ္ဓနိဒ္ဒေသ၌။ ကာယဿ အကလ္လတာ အကမ္မညတာတိ၊ ဟူ၍။ ကာယဂ္ဂဟဏံ၊ ကာယသဒ္ဒါကို။ ကတံ၊ပြုအပ်၏"။ ဣတိစောဒနာ၊ သည်။ သိယာ၊၏။ ကာယဿာတိ၊ ဟူ၍။ဝုတ္တမတ္တေနေဝ၊ ဟောကာမျှဖြင့်သာလျှင်။ တေံမိဒ္ဓံ၊ ဤမိဒ္ဓသည်။ရူပံ၊ ရုပ်မည်သည်။ယဒိသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဇေံသတိ၊ သော်။ကာယပဿဒ္ဓါဒယော၊ ကုန်သော။ ဓမ္မာပိ၊ တို့သည်လည်း။ ရူပမေဝ၊ သာလျှင်။ ဘဝေယျုံ၊ ကုန်ရာ၏။"သုခဉ္စကာယေန။ပ။ ကရောတိ"တိ ဧတ္ထ၊ ၌။သုခပဋိသံဝေဒနပရမတ္ထသစ္စ သစ္ဆိကရဏာနိပိ၊ သုခဝေဒနာကို ခံစားခြင်းပရမတ္ထသစ္စာကို မျက်မှောက်ပြုခြင်း တို့သည်လည်း။ ရူပကာယေနေဝ၊ ရူပကာယဖြင့်သာလျှင်။ သိယုံ၊ကုန်ရာ၏။ တသ္မာ၊ ထိုသို့ကာယဿ ဟူသော စကား

http://www.dhammadownload.com



ချုပ်၏ အဖြစ်ကို မပြီးစေတတ်သည်၏ အဖြစ်ကြောင့်။ "ရူပံ၊ သည်။ မိဒ္ဓံ၊ မည်၏"။ဣတိတော်ဝစနံ၊ ကို။ တယာ၊ သည်။ နဝတ္တဗ္ဗံ၊ သင့်။ ဧတ္ထ၊ ဤကာယဿအကလ္လတာ, ဟူသောပါဠိ၌။ နာမကာယော၊ သည်။ ကာယော နာမ၊ မည်၏။ နာမကာယော၊ သည်။ ယဒိသိယာ၊အကယ်၍ဖြစ်အံ့။ အထ၊ သော်။ ကသ္မာ၊ ကြောင့်။ "သောပ္ပံပစလာယိကာ" တိဝစနံ၊ ကို။ ဝုတ္တံ၊ နည်း။ ဟိ-သစ္စံမှန်၏။ နာမကာယော၊ သည်။နသုပတိ၊ မအိပ်တတ်။ နစ ပစလာယတိ၊ မျက်တောင် တလှုပ်လှုပ်လည်း မပြုတတ်။ ဣတိအယံ၊ ကား။ စောဒနာ၊ တည်း။ ဣန္ဒြိယဿ၊ ဣတ္ထိန္ဒြေပုရိသိန္ဒြေ၏။ ဖလဘူတာနိ၊ အကျိုးဖြစ်၍ ဖြစ်ကုန်သော။ လိင်္ဂါဒီနိဝိယ၊ လိင်္ဂစသည်တို့ကဲ့သို့။ တဿမိဒ္ဓဿ၊၏။ သုပ္ပါဒီနံ၊ သုပ္ပစသည်တို့၏။ ဖလတ္တာ၊ အကျိုး၏အဖြစ်ကြောင့်။ "သောပ္ပံပစလာယိကာ"တိ ဝစနံ၊ ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊၏။ဟိ၊ ချဲ့အံ့။ဣတ္ထိလိင်္ဂံ၊ ဣတ္ထိလိင်။ ဣတ္ထိနိမိတ္တံ၊ ဣတ္ထိနိမိတ်။ ဣတ္ထိကုတ္တံ၊ ဣတ္ထိကုတ္တ။ဣတ္ထာကပ္ပေါ၊ ဣတ္ထိအာကပ္ပ။ ဣတိဣမာနိ လိင်္ဂါဒီနိ၊ဤလိင်္ဂစသည်တို့ကို။ ဣတ္ထိန္ဒြိယဿ၊ ၏။ ဖလတ္တာ၊ အကျိုး၏အဖြစ်ကြောင့်။ ဝုတ္တာနိယထာ၊ ကုန်၏သို့။ ဧဝံတု။ ဣမဿာပိ နာမကာယဿ၊ ၏လည်း။ ဂေလညသင်္ခါတဿ၊နာသည်၏ အဖြစ်ဟု ဆိုအပ်သော။ မိဒ္ဓဿ၊ ၏။ ဖလတ္တာ၊အကျိုး၏အဖြစ်ကြောင့်။ သောပ္ပါဒီနိ၊ တို့ကို။ ဘဂဝတာ၊ သည်။ ဝုတ္တာနိ၊ ကုန်၏။ဟိ-သစ္စံ၊ မှန်၏။ မိဒ္ဓေ၊ သည်။ သတိ၊ သော်။ တာနိသောပ္ပါဒီနိ၊ တို့သည်။ ဟောန္တိ၊ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ ဖလူပစာရေန၊ဖြင့်။မိဒ္ဓံ၊ သည်။ အရူပံ၊သည်။ သမာနမ္ပိ၊ လည်း။ "သောပ္ပံပစလာယိကာ သုပ္ပနာ သုပ္ပိတတ္တ"န္တိ၊၍။ ဝုတ္တံ၊၏။ စ၊ ဆက်။ အက္ခိဒလာဒီနံ၊ မျက်တောင်စသည်တို့၏။ပစလဘာဝံ၊ တလှုပ်လှုပ်၏ အဖြစ်ကို။ ကရောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ ပစလာယိကာ၊ မည်၏။ ဣတိဝစနတ္ထေနပိ၊ ဖြင့်လည်း။ အယံအတ္ထော၊ ဤမိဒ္ဓ၏ ရုပ်မဟုတ် နာမ်၏အဖြစ် ဟုဆိုအပ်သော အနက်သည်။ သာဓိတောယေဝ၊ လျှင်။ ဟောတိ၊၏။ ဣတိတသ္မာ၊ ကြောင့်။ မိဒ္ဓံ၊ သည်။ နရူပံ၊မဟုတ်။စ၊ဆက်။သြနာဟာဒီဟိပိ၊ သြနာဟစသည်တို့ဖြင့်လည်း။ အဿမိဒ္ဓဿ၊ ၏။ အရူပဘာဝေါ၊ ကို။ ဒီပိတောယေဝ၊ သာလျှင်တည်း။ ဟိ-သစ္စံ၊ ၏။ ရူပံ၊သည်။နာမကာယဿ၊ ကို။ သြနဲ့ဟော၊ ဖုံးလွှမ်းတတ်သည်။ ပရိယောနာဟော၊

http://www.dhammadownload.com



